# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၆၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြ ပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၂ ရက်၊

(၂) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၃) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၄) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၆)　မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၇ ရက်၊

(၇)　ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၈)　တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၃ ရက်၊

(၉)　ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်နှင့်

(၁၀)　ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။　။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။　။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။　။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဇ)၊ ပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆)ပါ ပြဋ္ဌာန်းထားချက်များအရ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟုဆိုသော်လည်း သက်ဆိုင်ရာဥပဒေများတွင် ဆောင်ရွက်ခွင့်ပြုထားခြင်းတို့သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုအစိုးရရဲ့ဥပဒေ(၇)ခုနှင့် ကွဲလွဲချက်တွေနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီလိုမေးမြန်းတဲ့အခါမှာ ကျွန်တော့်ရဲ့မေးခွန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတို့ကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာမီ ၂၀၁၅ ခုနှစ်မှာ နိုဝင်ဘာလအကုန်ဝန်းကျင်ကာမှာ ကျွန်တော်တို့ နိုင်ငံအတွက် အရေးကြီးတဲ့ရွေးကောက်ပွဲ ပြုလုပ်တော့မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ရွေးကောက်ပွဲမကျင်းပမီအကြိုကာလမှာလည်း နိုင်ငံရေးပါတီတွေဟာ၊ ကိုယ်စားလှယ်အသီးသီးတို့ဟာ ရွေးကောက်ပွဲမှာအနိုင်ရဖို့အတွက် ကြိုးစားကြမှာဖြစ်ပါတယ်။ ဒီနေရာမှာ ယနေ့အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအဖွဲ့တွေမှာ တာဝန်ထမ်းဆောင်နေတဲ့သူတွေအနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီလုပ်ငန်းဆောင်ရွက်ခွင့်မရှိသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေများမှာ ပါတီလုပ်ငန်းများဆောင်ရွက်ခွင့်ရှိနေတာဟာ ယနေ့ပြုလုပ်မယ့်ရွေးကောက်ပွဲနှင့်အတူ နောင်အနာဂတ် မြန်မာနိုင်ငံအရေးအတွက် အလွန်တရာမှအရေးကြီးပြီးတော့ အဖြေရှာပေးရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းက ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ(၇)ခုနှင့်ပတ်သက်ပါတယ်။ သတ်မှတ်တဲ့အချိန် (၃) မိနစ်နဲ့တော့ လုံလောက်မှုမရှိတဲ့အတွက်ကြောင့် ခွင့်ပြုပေးဖို့မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော့်အနေနဲ့မေးမယ့်မေးခွန်းကတော့ (၁) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းတွင် ယင်းပါတီအဖွဲ့အစည်းများ၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရဟုလည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဠ)မှာ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းထားသလို ပြည်ထောင်စုအစိုးရကလည်း ဒီဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီပဲ ၂၀၁၀ ခုနှစ်ကနေ ယနေ့အထိ လေးစားလိုက်နာ ဆောင်ရွက်သွားတာကိုလည်း ဂုဏ်ယူရမှာဖြစ်ပါတယ်။ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဥပဒေမှာ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ၁၇ ပုဒ်မခွဲ(ဃ)တို့အရတော့ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားခြင်းကို တွေ့ရပါတယ်။ မေးခွန်း(၂)အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)မှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပေမယ့်လို့ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)မှာ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားတာကို တွေ့ရပါတယ်။ မေးခွန်း(၃)အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်လို့ ဖော်ပြထားသော်ငြားလည်း ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)မှာ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားတာကို တွေ့ရပါတယ်။ မေးခွန်း(၄)အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းတွင် နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ ပြဋ္ဌာန်းထားသော်ငြားလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၁ မှာ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားတာကို တွေ့ရပါတယ်။ မေးခွန်း(၅)အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဇ)မှာ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်

လျှင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားသော်ငြားလည်း ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)မှာ ပါတီစည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ခွင့်ပြုထားတာကို တွေ့ရပါတယ်။ မေးခွန်း(၆)အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားသော်ငြားလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၇ မှာ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားတာကို တွေ့ရပါတယ်။ မေးခွန်း(၇)အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆)မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ ပြဋ္ဌာန်းထားသော်ငြားလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)မှာ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုထားကြောင်း တွေ့ရှိရပါတယ်။

ဒီပုဒ်မ(၇)ခုနဲ့ပတ်သက်ပြီးတော့ လေ့လာကြည့်ရင် ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းချက်များနှင့် ပြည်ထောင်စုအစိုးရရဲ့ ကျွန်တော်တင်ပြပါ အဖွဲ့အစည်း(၇)ခုရဲ့ဥပဒေပြဋ္ဌာန်းချက်များဟာ ဆန့်ကျင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကိစ္စသည် ယနေ့အတွက်သော်လည်းကောင်း၊ လာမယ့် ၂၀၁၅ ရွေးကောက်ပွဲအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံရဲ့အနာဂတ်ရွေးကောက်ပွဲများအတွက်သော်လည်းကောင်း ဖြေရှင်းဖို့အတွက် အလွန်တရာမှ အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံနှင့် ကျွန်တော်တင်ပြသည့်ဥပဒေများသည် ကိုက်ညီမှုရှိ/မရှိ ပြန်လည်ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြသိမ်း(ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ကိုယ်စား ကျွန်တော် ဥက္ကဋ္ဌက ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းကိုမဖြေကြားခင် မေးခွန်းမှာပါတဲ့အဓိကအချက်တွေကို အရင်ထုတ်နုတ်တင်ပြခွင့်ပြုပါခင်ဗျား။ မေးခွန်းထဲမှာ တင်ပြထားတဲ့ အဓိကအချက်တွေကတော့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်များနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဈ)၊ ပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆)တို့အရ ယင်းတို့၏ရာထူးသက်တမ်းအတွင်းမှာ ယင်းပါတီအဖွဲ့အစည်း၏လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု တားမြစ်ထားချက်ကို မေးခွန်းထဲမှာဖော်ပြထားတာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ရွေးကောက်ပွဲကျင်းပရန် ကြေညာသည့်နေ့ကစလို့ အဆိုပါအဖွဲ့အစည်းဝင်များဟာ ရွေးကောက်ပွဲဆိုင်ရာပါတီ စည်းရုံးခွင့်နှင့် နယ်မြေစည်းရုံးခွင့်များရှိကြောင်းကိုလည်း အောက်ဖော်ပြပါဥပဒေတွေမှာ ဖော်ပြထားတာတွေ့ရပါတယ်။ (၁) ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)၊ ၎င်းဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)၊ (၂) နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)၊ (၃) ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)၊ (၄) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၁၊ (၅) ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)၊ (၆) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် (၇) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၇ တို့ဖြစ်ပါတယ်။ ဒီတော့ မေးမြန်းချက်ကို ထုတ်နုတ်လိုက်တဲ့အခါမှာ အထက်အပိုဒ်ပါ အဖွဲ့အစည်းဆိုင်ရာဥပဒေ(၇)ခုက ပါတီစည်းရုံးရေးလုပ်ငန်းများ ခွင့်ပြုထားသည့်ပြဋ္ဌာန်းချက်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိ/မရှိ မေးမြန်းထားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးခွန်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အေးချမ်းသာယာ

ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကပြဋ္ဌာန်းခဲ့သော အထက်ဖော်ပြပါဥပဒေ(၇)ခုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီမေးမြန်းခြင်းဖြစ်တယ်လို့ ကျွန်တော်တို့သဘောရရှိပါတယ်။ မိမိတို့အဖွဲ့အစည်းခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ ပါတာဝန်များကိုသာ ဆောင်ရွက်ခွင့်ရှိကြောင်း ရှေးဦးစွာဖြေကြားလိုပါတယ်။ ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ စိစစ်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ(ခ)ပြဋ္ဌာန်းချက်ကို တင်ပြလိုပါတယ်။ ဒီမှာပြဋ္ဌာန်းထားတာကတော့ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိ စိစစ်ခြင်းရယ်လို့ ဖော်ပြကန့်သတ်ထားပါတယ်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ မှာ ပြဋ္ဌာန်းထားပါတယ်။ အထက်ဖော်ပြပါဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ(ခ)ပြဋ္ဌာန်းချက်အရ မိမိတို့ခုံရုံးက စိစစ်ခွင့်ရှိတဲ့ဥပဒေတွေကတော့ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းထားတဲ့ဥပဒေများသာဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်ခြင်းမရှိမီက အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများကို ဤခုံရုံးက စိစစ်ခွင့်မရှိလို့ဆိုရမှာဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် အထက်ဖော်ပြပါ ဥပဒေ(၇)ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီ ဤခုံရုံးကစိစစ်ခွင့်မရှိပါကြောင်း ဖြေကြားပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ဖြေကြားလိုသည်မှာ ခုံရုံးသည် တင်ပြလာသောပြဿနာများကို တရားစီရင်ရေးနည်းလမ်းဖြင့်သာ နှစ်ဖက်ကြားနာပြီး ဆုံးဖြတ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီ ဖြေကြားရမည့်ပြဿနာအတွက် တရားစီရင်ရေးနည်းလမ်းအရ အကျိုးသက်ဆိုင်သူများကို တင်ပြခွင့်ပေးခြင်း၊ ကြားနာခွင့်ပေးခြင်းတို့များ ပြုလုပ်ပြီးမှသာလျှင် ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်ခင်ဗျား။ ဆက်လက်ဖြေကြားလိုတာကတော့ မေးခွန်းမှာပါတဲ့ ပါတီလုပ်ငန်း၊ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်တွေဟာ ယေဘုယျအဓိပ္ပာယ်ကိုသာဆောင်သော စကားရပ်များဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုလွယ်ကူစေရန်နှင့် လိုက်နာရသူများအတွက် ရှင်းလင်းလွယ်ကူမှုရှိစေရန် အဆိုပါဥပဒေကို စီမံခန့်ခွဲသည့်အဖွဲ့အစည်းက စကားရပ်များ၏အဓိပ္ပာယ်အတိုင်းအတာ စသည်တို့ကို

ဖွင့်ဆိုထားရန်လိုအပ်မည်ဟု ယူဆပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဖြေကြားချက်များကို ကျေးဇူးတင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(ဃ)အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တွေ ရှိပါတယ်ဆိုတာမှန်ပါတယ်။ သို့ပါသော်လည်း ယနေ့ဆွေးနွေးသွားတဲ့အထဲမှာ အစိုးရအဖွဲ့အသီးသီးရဲ့ ဆောင်ရွက်ခွင့်နဲ့ပတ်သက်ပြီးတော့ ထုတ်ပြန်ထားတဲ့အမိန့်တွေဟာ ပါတီစည်းရုံးရေး ဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြထားခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်တယ်လို့ သုံးသပ်တွေ့ရှိရပါတယ်။ ဒီနေရာမှာ ဖြေကြားသွားတဲ့အထဲမှာပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ ပုဒ်မခွဲ(က)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ပါပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၇)ခုနှင့်ပတ်သက်ပြီးတော့ ဒီပုဒ်မများသည် ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုထားလဲ၊ ဘယ်လိုလေးနက်မှုရှိလဲ။ ဒါကိုတော့ ကျွန်တော်တို့ ပြန်လည်ပြီးတော့ ယခုဖြေကြားပေးမယ်ဆိုရင်လည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။ တကယ်လို့ ဒီပုဒ်မ(၇)ခုကို ဖြေကြားပေးမယ်ဆိုရင်လည်း ကျွန်တော်မေးခွန်းမေးမြန်းခြင်းရဲ့အဖြေ ရမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)၊ ပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ(ဇ)၊ ပုဒ်မ ၂၄၂ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆)တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ ပုဒ်မခွဲ(က) မှာပါတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ လုပ်ငန်းတာဝန်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့်ရှိပါတယ်။ ဒါကြောင့် ဒါနဲ့ပတ်သက်ပြီးတော့ ဒီအချိန်မှာ ဖြေကြားပေးဖို့ ခက်မယ်လို့ထင်ပါတယ်။ ဒါကြောင့် ပြန်လည်ဖြေကြားပေးနိုင်ဖို့ မေတ္တာရပ်ခံလိုပါတယ်။ တကယ်လို့ ဆန့်ကျင်နေတယ်ဆိုရင် ဥပဒေအရ အလိုအလျောက်ပျက်ပြယ်တယ်လို့လည်း ကျွန်တော်တို့က သဘောပေါက်ပါတယ်။ အနာဂတ်ကာလနိုင်ငံတော်ရဲ့ အခုလို ရွေးကောက်ပွဲတွေအပါအဝင် ဘယ်ကိစ္စမဆို ထုတ်ပြန်ထားတဲ့ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မျှတဖို့လိုမှာဖြစ်ပါတယ်။ ဒါမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရာရောက်ပြီးတော့ ထုတ်ပြန်ထားတဲ့အမိန့်တွေကို ပြည်သူတွေလေးစားမှာဖြစ်ပါတယ်။ ဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မျှတမှုမရှိနေခြင်းဟာ ဥပဒေပြုတဲ့ ကျွန်တော်တို့လွှတ်တော်များမှာလည်း လုံးဝတာဝန်ရှိတယ်

လို့ခံယူပါတယ်။ ဒီအတွက် ထပ်ဆင့်မေးလိုတဲ့မေးခွန်းကတော့ ခုနက ကျွန်တော်မေးသွားတဲ့ ဥပဒေ (၇)ခုရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က နံပါတ်(၁)ဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ဒီလို ဆန့်ကျင်နေတယ်လို့ ယူဆရတဲ့အမိန့်များကို ဘယ်လိုစဉ်းစားဆောင်ရွက်ဖို့ အစီအစဉ်ရှိသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမိန့်လား။ ဥပဒေများလား။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ မေးခွန်း(၂)က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဥပဒေများနဲ့ပတ်သက်ပြီး မည်သို့စဉ်းစားဆောင်ရွက်ပါမလဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေဆိုနိုင်တာဖြေဆိုပေးပါ။

**ဦးမြသိမ်း(ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)**။ ။ ကျွန်တော် ရှေးဦးတင်ပြခဲ့စဉ်က ကျွန်တော်တို့ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီစိစစ်ဖို့ တာဝန်ရှိတာက ဒီဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးနောက် ပြဋ္ဌာန်းတဲ့ဥပဒေတွေအပေါ် စိစစ်ခွင့်ရှိပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီး ဆက်မေးတဲ့မေးခွန်းက တကယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ(က)အရ အဓိပ္ပာယ်ဖွင့်ဆိုရင် ဖွင့်ဆိုခွင့်ကောမရှိနိုင်ဘူးလားဆိုတဲ့မေးခွန်းပဲလို့ ယူဆပါတယ်။ အဲဒီတော့ အဓိပ္ပာယ်ဖွင့်ဆိုတာက ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုဖို့တာဝန်ရှိပါတယ်။ သို့သော်လည်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ဆိုတာက ပေါ်လာတဲ့ကိစ္စရပ်တစ်ခုချင်းအပေါ် မူတည်ပြီးတော့မှ အဆိုပါကိစ္စရပ်၊ အဆိုပါအပြုအမူသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ အတိုင်းအတာထဲကို ဝင်/မဝင် ဆိုတာကို ကျွန်တော်တို့က ဖြေဆိုခွင့်ရှိမှာဖြစ်ပါတယ်။ ပြောလိုတာကတော့ ပေါ်လာတဲ့ကိစ္စရပ်မရှိသေးဘဲနဲ့ ဘယ်ဟာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီတယ်/မညီဘူးဆိုတာ ဖြေကြားဖို့ဆိုတာက ပါတီလုပ်ငန်းဆိုတဲ့စကားရပ်ကြီးဟာ အင်မတန်ကျယ်ဝန်းတဲ့အတွက် လောလောဆယ်တော့ ကျွန်တော်တို့က အမူမရှိဘဲနဲ့တော့ ဖြေလို့မရဘူး။ ပေါ်ပေါက်လာသောပြဿနာအပေါ် တင်ပြလို့ရှိရင်တော့ သတ်မှတ်ချက်များနှင့်ကိုက်ညီလို့ရှိရင် ကျွန်တော်တို့ ဖြေကြားပေးနိုင်ပါလိမ့်မယ်လို့သာ ကျွန်တော် ဖြေကြားလိုပါတယ်။ ကျန်တာကတော့ ကျွန်တော့်အပိုင်းနဲ့မဆိုင်ဘူးလို့ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ခုနက လွှတ်တော်ကိုယ်စားလှယ် စမေးကတည်းကိုက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေကြမ်းကော်မတီများကို မေးထားတဲ့မေးခွန်းဖြစ်တဲ့အတွက် အခုပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကသော်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီကသော်လည်းကောင်း ဒုတိယထပ်ဆင့်မေးခွန်းကို ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ဦးမေးမြန်းခဲ့တဲ့ ဥပဒေ(၇)ရပ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ လေ့လာဆန်းစစ်ခဲ့ပါတယ်။ ဒီလိုလေ့လာတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တွေနဲ့ ဆန့်ကျင်နေတယ်ဆိုတာကိုလေ့လာတွေ့ရှိရပါတယ်။ ဒီလိုဆန့်ကျင်နေတဲ့အတွက် ဆန့်ကျင်နေတဲ့အပိုင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ရန်လိုအပ်ကြောင်း လေးစားစွာနှင့်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၄၆ နဲ့ဆန့်ကျင်တဲ့အတွက် ပြန်ဖြေပေးပါ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ စောစောတုန်းကတင်ပြခဲ့တဲ့ ဥပဒေ(၇)ရပ်မှာပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်အချို့ဟာဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အချက်တွေနဲ့ ဆန့်ကျင်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်တဲ့အပိုင်းတွေကို မြင်တွေ့လာရပြီဆိုလို့ရှိရင် ကျွန်တော်တို့က ပုဒ်မ ၄၄၆ မှာ ဒါ ပြည်ထောင်စုလွှတ်တော်အနေနဲ့ ပြင်ဆင်လို့ရပါတယ်ဆိုတဲ့အကြောင်း လွှတ်တော်ကို ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုဆန့်ကျင်နေတဲ့အပိုင်းတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်အောင် ပုဒ်မ ၄၄၆ အရ ပြင်ဆင်သင့်ပါကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ဥပဒေများကို ပြင်ဆင်ဖို့ဆောင်ရွက်တဲ့နေရာမှာ ဥပဒေပြုလွှတ်တော်များနဲ့သက်ဆိုင်တဲ့အတွက် သက်ဆိုင်ရာကော်မတီနဲ့သက်ဆိုင်ရာဥပဒေ

များပြုတဲ့၊ ဥပဒေများပြင်ဆင်နိုင်တဲ့အဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်သွားဖို့လိုကြောင်း ပြောကြားလိုပါတယ်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဥပဒေပါပြဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ခြင်းရှိ/မရှိနှင့် အများပြည်သူများ နိုင်ငံတော်၏ ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေး တည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သတင်းအချက်အလက်များ သိရှိစေရန်အတွက် ဥပဒေပါ ပြဌာန်းချက်အတိုင်း ထုတ်ပြန်ကြေညာခဲ့ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဖြိုးမင်းသိန်း၊ လှည်းကူးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံရဲ့ငွေကြေးဈေးကွက်နှင့် ငွေကြေးတန်ဖိုးတည်ငြိမ်ရေးအတွက် အလွန်အရေးပါတဲ့ အကြောင်းခြင်းရာများဖြစ်နေတဲ့ကာလဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ငွေကြေးမူဝါဒသည် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ဆက်စပ်နေတဲ့၊ အရေးပါတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ထို့ကြောင့် ဗဟိုဘဏ်၏ ဆောင်ရွက်နေသည့်အခြေအနေများကို ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်အတွက် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၆) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ အခန်း(၅)မှာ ပုဒ်မ ၃၇ တွင် ဗဟိုဘဏ်သည် ယင်း၏ငွေကြေးမူဝါဒနှင့် ငွေကြေးစနစ်တည်ငြိမ်ရေး မူဝါဒများကို ချမှတ်ဆောင်ရွက်မှု၊ ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်မှုနှင့် နိုင်ငံတော်၏ငွေရေးကြေးရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့်ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင်

အနည်းဆုံးနှစ်ကြိမ် အစီရင်ခံတင်ပြရမယ့် အဆိုပါအစီရင်ခံစာကို ဝန်ကြီးဌာနသို့လည်း ပေးပို့ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ အခန်း(၅) ပုဒ်မ ၃၉ တွင် ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုသတင်းအချက်အလက်များကို အများပြည်သူတို့သိရှိစေရန် ဒါရိုက်တာဘုတ်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးလပတ်အလိုက်ထုတ်ပြန်ကြေညာရမယ်လို့ ပြဋ္ဌာန်းပါရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ခြင်းရှိ/မရှိနှင့် အစီရင်ခံတင်ပြခဲ့ခြင်းမရှိခဲ့လျှင် နောင်အနာဂတ်တွင် ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေနှင့်အညီ အစီရင်ခံတင်ပြနိုင်ရန်အတွက် မည်သို့ကြိုတင်ပြင်ဆင်ထားပါသနည်း။ အများပြည်သူများ နိုင်ငံတော်၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုသတင်းအချက်အလက်များကို သိရှိနိုင်စေရန်အတွက် ဗဟိုဘဏ်အနေဖြင့် ဥပဒေပြဋ္ဌာန်းချက်အတိုင်း ထုတ်ပြန်ကြေညာနိုင်ခြင်းရှိ/မရှိနှင့် ထုတ်ပြန်ကြေညာနိုင်ခြင်းမရှိပါက နောင်အနာဂတ်တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာရန် မည်သို့ပြင်ဆင်ထားသည်တို့ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီးတော့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းရဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ရဲ့ရှေ့မှောက်မှာ တင်ပြဖြေကြားသွားပါ့မယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ အခန်း(၅) တာဝန်ခံမှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှုမှာ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ ပြဋ္ဌာန်းချက်အရ ဗဟိုဘဏ်ဟာ ဗဟိုဘဏ်၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်မှုရည်ရွယ်ချက်များကို အကောင်အထည်ဖော်မှုနှင့် နိုင်ငံတော်၏ငွေရေးကြေးရေးအခြေအနေတို့နှင့် စပ်လျဉ်းပြီးတော့ အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင်အနည်းဆုံးနှစ်ကြိမ် အစီရင်

ခံစာတင်ပြရန်၊ ငွေကြေးမူဝါဒ၊ ငွေရေးကြေးရေးစနစ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်၏ငွေရေးကြေးရေးအခြေအနေ သို့မဟုတ် ဗဟိုဘဏ်၏ရည်ရွယ်ချက်များ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ အစီရင်ခံစာတင်ပြရန်နဲ့ ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ သတင်းအချက်အလက်များကိုအများပြည်သူသိရှိစေရန် ဒါရိုက်တာအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် သုံးလပတ်အလိုက် ထုတ်ပြန်ကြေညာရန်တာဝန်ရှိပါတယ်။ အဲဒီလိုတာဝန်ရှိမှုကို ဗဟိုဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာ ဗဟိုဘဏ်ရဲ့တာဝန်ရှိမှုနှင့် အကောင်အထည်ဖော်မှုကို အများပြည်သူနှင့် လွှတ်တော်ကသိရှိစေရန်အတွက် ဒီမေးခွန်းကိုမေးပေးတဲ့ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ အခန်း(၁၈) ပုဒ်မ ၁၁၆ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်တဲ့ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်ရန် အသွင်ကူးပြောင်းရေးကာလ တစ်နှစ်တာရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ အသွင်ကူးပြောင်းရေးကာလ စေ့ရောက်ပြီးဖြစ်ပါတယ်။ အသွင်ကူးပြောင်းဆဲကာလအတွင်းမှာပဲ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဘဏ်ရဲ့အဓိကတာဝန်ကြီး(၃)ရပ်ဖြစ်တဲ့ ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ထိရောက်သောငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေးနှင့်စပ်လျဉ်းတဲ့ ဆောင်ရွက်ချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၄ ခုနှစ် မတ်လတို့မှာ လွှတ်တော်ကို ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ လာရောက်ပြီးတော့ တင်ပြအစီရင်ခံခဲ့ပြီး ဖြစ်ပါတယ်။ အခုအခါမှာ အသွင်ကူးပြောင်းရေးကာလ စေ့ရောက်ပြီးဖြစ်လို့ ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သတင်းအချက်အလက်ထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေကြေးဆိုင်ရာအစီရင်ခံစာ(Monetary Report)ကို တစ်နှစ်လျှင်နှစ်ကြိမ်နှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာအစီရင်ခံစာ(Financial Stability Report)ကိုနှစ်စဉ် ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ငွေကြေးဆိုင်ရာအစီရင်ခံစာမှာ အဓိကပါရှိမယ့်အချက်တွေကတော့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ပြည်ပကုန်သွယ်မှုအခြေအနေ၊ ငွေကြေးဖောင်းပွမှုအခြေအနေ၊ စုဆောင်းမှုချေးငွေနှင့် ငွေကြေးပမာဏစတဲ့ Monetary Aggregate များရဲ့အခြေအနေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေအခြေအနေ စသည်တို့ပါရှိမှာဖြစ်ပါတယ်။ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအစီရင်ခံစာမှာ

အဓိကပါရှိမယ့်အချက်တွေကတော့ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအခြေအနေ သုံးသပ်တင်ပြချက်များ၊ ငွေရေးကြေးရေးကဏ္ဍတိုးတက်ဖြစ်ပေါ်မှုများ၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်တိုးတက်ဖြစ်ပေါ်မှုများ၊ ကြီးကြပ်စစ်ဆေးရေးနှင့် ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုများစသည်တို့ပါရှိမှာဖြစ်ပါတယ်။ ငွေကြေးဆိုင်ရာအစီရင်ခံစာ(Monetary Report)နှင့် ငွေရေးကြေးရေးတည်ငြိမ်မှုဆိုင်ရာအစီရင်ခံစာ(Financial Stability Report)နှစ်ခုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လွှတ်တော်သို့ တင်ပြအစီရင်ခံခြင်းကိုဆောင်ရွက်ပြီးတဲ့နောက်မှာ အများပြည်သူသိရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ Website မှာ တင်ပြထားမှာဖြစ်ပြီးတော့ အခါအားလျော်စွာလိုအပ်ပါက သတင်းစာရှင်းလင်းပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခု ကျွန်မတို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၎င်းအစီရင်ခံစာများကို ပြုစုလျက်ရှိရာမှာ ဗဟိုဘဏ်၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များ၏ ငွေရေးကြေးရေးရှင်းတမ်းများကို အဓိကအခြေခံပြီးတော့ စာရင်းအင်းများ၊ ကိန်းဂဏန်းအချက်အလက်အမှန်များရရှိရန် လိုအပ်ပါတယ်။ အဲဒီအပြင်ကိုလည်း ဆက်စပ်နေတဲ့ဝန်ကြီးဌာနများက သူတို့တာဝန်ခံတဲ့ စာရင်းအင်း၊ ကိန်းဂဏန်းများကို (အမှန်ဂဏန်းတွေ)ကို ရရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဗဟိုဘဏ်နှင့်ဘဏ်များက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် နှစ်ချုပ်စာရင်းပိတ်ခြင်းကို မတ်လ ၃၁ ရက်နေ့မှစပြီးတော့ ဆောင်ရွက်လေ့ရှိပါတယ်။ ဗဟိုဘဏ်ကနေပြီးတော့ အစိုးရအဖွဲ့ကို တင်ပြရမယ့် နှစ်ချုပ်အစီရင်ခံစာမှာဆိုရင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားတဲ့ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းကို ပူးတွဲဖော်ပြပါရှိရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ငွေရေးကြေးရေးဆိုင်ရာစာရင်းအင်းများကို အမှန်ကိန်းဂဏန်းများမရရှိနိုင်သေးသည့်အတွက် ယခုကျင်းပဆဲ လွှတ်တော်သို့ တင်ပြနိုင်ခြင်းမရှိသေးသော်လည်း အမှန်ကိန်းဂဏန်းများရရှိတဲ့အခါမှာ လွှတ်တော်သို့တင်ပြခြင်းကိုလည်းကောင်း၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းကိုမေးမြန်းခွင့်ပြုပါ။ ကျွန်တော်တို့ ဒီအသွင်ကူးပြောင်းရေးကာလ တစ်နှစ်တာ ဆောင်ရွက်နေမှုကို ကျွန်တော်တို့ နားလည်နိုင်ပါတယ်။ ဒါပေမဲ့ ယနေ့ကာလဟာ မြန်မာနိုင်ငံမှာ ငွေရေးကြေးရေးတည်

ငြိမ်မှုနှင့် ငွေကြေးတန်ဖိုးတည်ငြိမ်နိုင်ဖို့ကိစ္စဟာ အလွန်အင်မတန် အရေးကြီးနေတဲ့ကာလဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် လွှတ်တော်သက်တမ်းဟာ မကြာခင်မှာပြီးဆုံးတော့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗဟိုဘဏ်အနေနဲ့ ယခုဖြစ်ပေါ်နေတဲ့ ပြင်ပမှာဖြစ်နေတဲ့အခြေအနေရယ်၊ လက်ရှိလွှတ်တော်ရဲ့ သက်တမ်းကာလအတွင်းမှာ ဒီအစီရင်ခံစာကို တင်ပြပေးစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အချက်အလက်(Data) တွေမရှိဘဲနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေကို သုံးသပ်နိုင်ဖို့၊ မေးမြန်းနိုင်ဖို့ဆိုတဲ့ အခြေအနေတွေဟာ အလွန်အင်မတန်ခက်ခဲပါတယ်။ နောက်တစ်ချက်က ဗဟိုဘဏ်ဘက်ကနေပြီး အချက်အလက်တွေကို၊ ပြည်ထောင်စုအစိုးရဘက်က အချက်အလက်တွေဟာ ပြည်သူ့လွှတ်တော်ဘက်ကိုရောက်ဖို့ဟာ အလွန်အင်မတန်ကိုခက်ခဲတဲ့အရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီလွှတ်တော်သက်တမ်းမပြီးဆုံးခင် လွှတ်တော်သက်တမ်းဆိုတာ ပထမအကြိမ် လွှတ်တော်သက်တမ်းမပြီးခင်မှာ အစီရင်ခံစာများကို ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်မှာ အခုပြန်လည်ပြီးတော့ ထပ်ဆင့် မေးခွန်းမေးထားတဲ့အချက်တွေကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့တင်ပြမယ့် Monetary Report နှင့် Financial Stability Report တွေကတော့ အမှန်ကိန်းဂဏန်းတွေပေါ်မှာ အခြေခံပြီးတော့တင်ပြရမှာဖြစ်ပါတယ်။ ဘယ်နိုင်ငံက ဗဟိုဘဏ်မဆို အဲဒီအမှန်ကိန်းဂဏန်းတွေ ရရှိတဲ့အခါကျမှ သူတို့တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒါကကြားဖြတ်အစီရင်ခံစာမျိုးတွေကို ကိန်းဂဏန်းအမှန်တွေမရရှိဘဲတင်ပြမယ်ဆိုရင် ဒီအစီရင်ခံစာဟာ မှန်ကန်မှုကို အားနည်းမယ်ဆိုတဲ့အကြောင်း ကျွန်မအနေနဲ့တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ မတ်လ ၃၁ ရက်ကစပြီး စာရင်းတွေပိတ်နေပြီ။ အဲဒီတော့ ပုံမှန်အားဖြင့်ဆိုရင် ကိန်းဂဏန်းအမှန်တွေထွက်ဖို့ဆိုတာ အနည်းဆုံး သုံးလလောက်ကြာပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ ဒီသုံးလကျော်ပြီးတဲ့နောက်ပိုင်းမှာ အမှန်ကိန်းဂဏန်းတွေရပြီဆိုလို့ရှိရင်တော့ အခုကျင်းပဆဲလွှတ်တော်ကို တင်ပြနိုင်အောင် အစီရင်ခံစာကို အမြန်ဆုံးပြုစုပြီးတော့ တင်ပြမည်ဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

**သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းများကြောင့် ဒေသခံများ၏ လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ ဆုံးရှုံးမှုအတွက် မည်သို့လျော်ကြေးပေးမည်နှင့် ရေကာတာဧရိယာအတွင်းရှိ သစ်များခုတ်ခြင်း၊ သဘာဝသယံဇာတများ တူးဖော်ထုတ်ယူခြင်းများကို မည်သို့လုပ်ဆောင်မည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် တက်ရောက်သူအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမှ သံလွင်မြစ်ပေါ်မှာတည်ဆောက်မယ့် ရေကာတာစီမံကိန်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ရှိသည်ကို သိရပါတယ်။ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်သုံးစွဲနေရသဖြင့် ထိုလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းကို သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းခုနစ်ခုအတွက် ရေကာတာများတည်ဆောက်မည်ကိုလည်း သိရပါတယ်။ ထိုရေအားလျှပ်စစ်စီမံကိန်းများမှာ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်း၊ နောင်ဖရေအားလျှပ်စစ်စီမံကိန်း၊ မန်းတောင်ရေအားလျှပ်စစ်စီမံကိန်း၊ တာဆန်း-မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတို့ ဖြစ်ပါတယ်။ ရေကာတာမှ ရေအားလျှပ်စစ်ထုတ်ယူရာမှာ ဆောင်ရွက်မှုဖြစ်ပေါ်လာလျှင် စီမံကိန်းရှိရေဝပ်ဧရိယာများမှာပါတဲ့ ကျေးရွာများရှိလာနိုင်သလို စီမံကိန်းဧရိယာအတွင်း လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများအား သိမ်းယူခြင်းများလည်းရှိလာနိုင်ပါတယ်။ ဒါ့အပြင် စီမံကိန်းဧရိယာအတွင်း သစ်ပင်ခုတ်လှဲခြင်း၊ သဘာဝသယံဇာတထုတ်ယူခြင်းများကိုလည်း ထိခိုက်လာနိုင်သည်ဟု ဒေသခံများက စိုးရိမ်ပူပန်နေသောကြောင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းကြောင့် ဒေသခံများ၏ လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ ဆုံးရှုံးမှုရှိလာလျှင် မည်သို့ဆောင်ရွက်မည်နည်း။ လျော်ကြေးပေးခြင်း၊ မြေအစားပေးခြင်း အစီအစဉ်ရှိ/မရှိနှင့် ရေကာတာဧရိယာအတွင်းရှိ သစ်ပင်ခုတ်လှဲခြင်း၊ သဘာဝသယံဇာတများ တူးဖော်ထုတ်ယူခြင်းများကို မည်ကဲ့သို့ဆောင်မည့်အစီအစဉ်ကို သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်စုံစွာရှင်းလင်းတင်ပြသွားမှာဖြစ်တဲ့အတွက် သတ်မှတ်ချိန်ထက် အနည်းငယ် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ် ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ရနိုင်သမျှ အရင်းအမြစ်များထဲမှ ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် စူးစမ်းလေ့လာရေးလုပ်ငန်းများ ကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားခြင်း၊ နည်းပညာရပ်ဆိုင်ရာ အထူးဂရုပြုဆောင်ရွက် ရခြင်း၊ အချိန်ကာလကြာမြင့်စွာ တည်ဆောက်ရခြင်းတို့ကြောင့် နိုင်ငံတော်တစ်ခုတည်းမှ ဆောင်ရွက်၍ မရနိုင်တဲ့အတွက် ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး Build, Operate and Transfer(B.O.T) စနစ် Joint Venture/ Build, Operate and Transfer(JV/B.O.T) စနစ် တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခဲ့ပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ အောက်ပါ အတိုင်းအဆင့်ဆင့်နားလည်မှုစာချွန်လွှာများရေးထိုးပြီး အကောင်အထည်ဖော် ဆောက်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

JV/B.O.T စနစ်အခြေခံနဲ့ ဆောင်ရွက်မည့်စီမံကိန်းများအတွက် ပထမအဆင့်အနေနဲ့ နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပြီး စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိ/မရှိကို လေ့လာ ဆန်းစစ်ရပါတယ်။ ဒီအဆင့်မှာ တည်ဆောက်မည့် စီမံကိန်းအတွက် ရေရရှိမှုအခြေအနေ၊ မြေမျက်နှာ ပြင်အနေအထား၊ ဘူမိဗေဒအခြေအနေ၊ ရေသိုလှောင်နိုင်မည့်အစီအစဉ်၊ စက်ရဲ့တပ်ဆင်စက်အင် အား၊ ရေလွှမ်းဧရိယာအတွင်းကျရောက်မယ့် သစ်တော၊ ကျေးရွာ၊ လယ်မြေ၊ ယာမြေ၊ နှစ်ရှည်ပင်

စိုက်ခင်းနှင့် သယံဇာတလုပ်ကွက်စသည်တို့ကို မဖြစ်မနေလေ့လာခဲ့ရပါတယ်။ နည်းပညာရပ်ဆိုင်ရာ အရလည်ကောင်း၊ စီးပွားရေးအရလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးအခြေအနေအရလည်းကောင်း လက်ခံနိုင်ဖွယ်ရှိပါက ဒုတိယအဆင့်အဖြစ် အသေးစိတ်ထပ်မံပြီး လေ့လာဆန်းစစ်မှုပြုလုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအတွက် အသေးစိတ်ကုစားမှုအစီအစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် နှစ်ဖက် သဘောတူညီမှုစာချွန်လွှာ (MOA)ကို လက်မှတ်ရေးထိုးကြရပါတယ်။ ဤအဆင့်မှာ Environmental and Social Impact Assessments (ESIA) လေ့လာပြုစုရေးအတွက် အတွေ့အကြုံ ကျွမ်းကျင်မှု ရှိပြီး နမည်ကျော်ကြားဘက်လိုက်မှုကင်းတဲ့ တတိယအဖွဲ့အစည်းတစ်ခုကို တာဝန်ပေးအပ်ပြီး ဆောင်ရွက်စေခဲ့ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့အစစ် ဆေးခံပြီးမှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်မည့် ကုမ္ပဏီအဖွဲ့အစည်းမှ လိုက်နာဆောင် ရွက်ရန်ဖြစ်ပါတယ်။

ဒီအဆင့်ပြီးမြောက်ပါက တတိယအဆင့်ဖြစ်တဲ့ လူမှုပတ်ဝန်းကျင်ရှုထောင့်များမှ လက်ခံနိုင် လောက်တဲ့အထိ လူထုတွေ့ဆုံရှင်းလင်းပွဲများ ကျင်းပပြုလုပ်ပြီး စီမံကိန်းကို စတင်ဆောင်ရွက်မှု ကြောင့် ဖြစ်ပေါ်လာမည့်ထိခိုက်နစ်နာမှုများကို အသေးစိတ်ဆွေးနွေးညှိနှိုင်းပြီး ထိခိုက်နစ်နာမှုများ အပေါ် တာဝန်ယူဆောင်ရွက်မည့်အစီအစဉ်များကိုလည်း ကတိကဝတ်ပြုပြီးသည့်အချိန်မှသာ ဖက်စပ် သဘောတူစာချုပ်( Joint Venture Agreement-JVA)ကို လက်မှတ်ရေးထိုးကြပါတယ်။ JVA လက်မှတ်ရေးထိုးပြီးမှသာ ရင်းနှီးမြှုပ်သူရဲ့ အဆိုပြုလွှာအား စီမံကိန်းစတင်အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)ကို တင်ပြပြီး ဆက်လက် ဆောင်ရွက်သွားရပါတယ်။

စီမံကိန်းအကောင်အထည်ဖော်သူဟာ တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်ပါက B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေပြီး MOU လက်မှတ်ရေးထိုးပြီးနောက် MOA အဆင့်ပါ လုပ်ငန်း များကိုပါ MOU ကာလမှာ တစ်ပြိုင်နက်ဆောင်ရွက်စေပြီး အစီရင်ခံစာများကိုလည်း တစ်ပြိုင်တည်း ပူးတွဲတင်ပြကာ ပြည်သူလူထုကို သဘောတူလက်ခံသည့်အထိ ရှင်းလင်းပြောကြားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုလက်ခံမှသာ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားစေပါတယ်။ ယခု ဆွေးနွေးမယ့် သံလွင်မြစ်ပေါ်မှ

စီမံကိန်းများကို ပြန်ကြည့်ပါက အောက်ဖော်ပြပါစီမံကိန်း ငါး ခုကိုတွေ့ရှိရမည်ဖြစ်ပါတယ်။ (၁) ကွမ်းလုံစီမံကိန်း ၁၄၀၀ မဂ္ဂါဝပ်၊ (၂) နောင်ဖစီမံကိန်း ၁၂၀၀ မဂ္ဂါဝပ်၊ (၃) မိုင်းတုံစီမံကိန်း ၇၀၀၀ မဂ္ဂါဝပ်၊ (၄) ရွာသစ်စီမံကိန်း ၄၀၀၀ မဂ္ဂါဝပ်၊ (၅) ဟတ်ကြီးစီမံကိန်း ၁၃၆၀ မဂ္ဂါဝပ်တို့ ဖြစ်ပါတယ်။

ဒီဖော်ပြပါစီမံကိန်းများအနက် ကွမ်းလုံစီမံကိန်းကလွဲပြီး အခြားစီမံကိန်းများအနေဖြင့် MOU အဆင့်၊ MOA အဆင့်များ ဆောင်ရွက်နေကြသော စီမံကိန်းများသာ ဖြစ်ပါတယ်။ လက်တွေ့ဆောင်ရွက်ရခြင်း မရှိသေးပါဘူး။ လေ့လာစိစစ်တဲ့အဆင့်မှာ ရှိပါတယ်။ ကွမ်းလုံစီမံကိန်းဟာ JVA လက်မှတ်ရေးထိုးပြီး လူမှုစီးပွားဘဝတာဝန်ယူမှုဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကိုလည်း ဒေသအတွင်းမှာ နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းညှိနှိုင်းကြပြီးဖြစ်ပါတယ်။ ဒေသအခြေအနေနှင့် လိုက်လျောညီထွေရှိမည့်သီးနှံ၊ သစ်ပင်များကို ညှိနှိုင်းပေးလျော်ရန် ဆွေးနွေးကြပြီးဖြစ်ပါတယ်။ ပြန်လည်နေရာချထားမည့်အစီအစဉ်နှင့်ပတ်သက်၍လည်း ဒေသခံများနှင့် ညှိနှိုင်းပြီးဖြစ်၍ လက်ခံနိုင်သည့် အခြေအနေရရှိပြီဖြစ်တဲ့အတွက် အကောင်အထည်ဖော်ရန်သာ လိုအပ်နေသည့်စီမံကိန်း ဖြစ်ပါတယ်။

နောင်ဖစီမံကိန်းဟာ MOA ရေထိုးထားတဲ့ စီမံကိန်းဖြစ်ပြီး စီမံကိန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ထိခိုက်မှုများနှင့် ပြန်လည်ဆောင်ရွက်ပေးမည့် ကုစားမည့်အစီအမံများကို ပြည်သူလူထုဒေသခံသို့ ရှင်းလင်းချပြခြင်းကို စီမံကိန်းဒေသမှာ နှစ်ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်း ESIA အစီရင်ခံစာများကို ကျွမ်းကျင်မှုရှိပြီး နာမည်ကျော်ကြားဘက်လိုက်မှုကင်းတဲ့ တတိယအဖွဲ့အစည်းအဖြစ် ဩစတြီးယားနိုင်ငံမှ Snowy Mountain Engineering Corporation (SMEC) ၏ ဦးဆောင်မှုဖြင့် ပြည်တွင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

မိုင်းတုံစီမံကိန်းဟာ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ အတည်မပြုရသေးတဲ့ စီမံကိန်းဖြစ်ပါတယ်။ သို့သော် ESIA အစီရင်ခံစာအတွက် ဩစတြီးယားနိုင်ငံမှ Snowy Mountain Engineering Corporatio (SMEC)ကိုပင် ငှားရမ်းကာ ဆောင်ရွက်စေလျက်ရှိပြီး ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ တင်ပြချက်ရရှိပါက သုံးသပ်မှု၊ ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရန်အဆင့်များကို ဆက်လက်ဆောင်ရွက်ရအုံးမှာ ဖြစ်ပါတယ်။

ရွာသစ်စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ တင်ပြထားရှိသော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင်ထိခိုက်မှုများရှိနိုင်၍ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို

ပြန်လည်တင်ပြရန် ညွှန်ကြားထားရှိတဲ့ စီမံကိန်းဖြစ်ပါတယ်။ ထို့အပြင် ဟတ်ကြီးစီမံကိန်းရဲ့ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာဟာလည်း အားနည်းချက်များရှိနေသေးသဖြင့် အသေးစိတ်လေ့လာဆန်းစစ်မှုများ ပြန်လည်ဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။ ESIA ကြားဖြတ်အစီရင်ခံစာ တင်ပြထားရှိသော်လည်း ပြန်လည်တင်ပြမည့်ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာနှင့် လိုက်လျော်ညီထွေမှုရှိမည့် ESIA အစီရင်ခံစာအဖြစ် ပြန်လည်စိစစ်တင်ပြရန် လိုအပ်နေသေးကြောင်းတွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကွမ်းလုံစီမံကိန်းမှလွဲပြီး သံလွင်မြစ်ပေါ်မှာရှိသော အခြားသော စီမံကိန်းအတွက်ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုများ တင်ပြနိုင်ခြင်းမရှိသေးပါ။ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်မည့် သစ်ပင်၊ ရာဘာပင်များအတွက် နစ်နာကြေးများ ညှိနှိုင်းပေးချေလျက်ရှိပါတယ်။ ပြောင်းရွှေ့ပေးရမည့် အိမ်ထောင်စု ၆၄ စုကိုလည်း ESIA အစီရင်ခံစာပါတင်ပြချက်များအတိုင်း ပြည်သူလူထုကျေနပ်သည့်အဆင့်ရောက်သည်အထိ ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံရွာသားများ ညှိနှိုင်းပြီးစီးပြီ ဖြစ်ပါတယ်။ ထိခိုက်ဆုံးရှုံးတဲ့ သဘာဝပတ်ဝန်းကျင်အား ပြန်လည်ကုစားပေးရေး၊ သစ်တောများပြန်လည်ပြုစုရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုကို ပြန်လည်ကုစားရေးများကိုပါ ဆောင်ရွက်သွားရန် ဖက်စပ်ကုမ္ပဏီမှ ဆောင်ရွက်သွားရေးကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ဥပမာအားဖြင့် နိုင်ငံတော်မှ ဆောင်ရွက်ခဲ့တဲ့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်းမှ ပြောင်းရွှေ့နေရာချထားပေးခဲ့တဲ့ ကျေးရွာ ၂၃ ရွာမှ အိမ်ထောင်စု ၂၅၂၄ စုနှင့် ရွာမပြောင်းရသေးသော်လည်း ကပ်လျက်မှာရှိတဲ့ ရွာနှစ်ရွာ စုစုပေါင်း ၂၅ ရွာအတွက် အချိန်လေးနှစ်ခန့်ယူပြီး ရွာသူရွာသားများ၊ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ အသေးစိတ်ညှိနှိုင်းဆွေးနွေး၍ရရှိလာသော သဘောတူညီချက်များနှင့်အညီ မြေယာတန်ဖိုးများပေးလျော်ခြင်း၊ သီးနှံလျော်ကြေးများပေးအပ်ခြင်း၊ လယ်ပိုင်များအား မြေအစားပြန်ပေးခြင်း၊ နေအိမ်ပြန်လည်ဆောက်လုပ်ရန်အတွက် မြေနေရာအပါအဝင် လိုအပ်သော ကုန်ကျစရိတ်များ စီစဉ်ဆောင်ရွက်ပေးခြင်းစတဲ့ အခြေခံလိုအပ်ချက်အားလုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များမှပူးပေါင်းပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

အလားတူ သံလွင်မြစ်ပေါ်မှာ တည်ဆောက်မည့်စီမံကိန်းများကြောင့် ထိခိုက်နစ်နာမှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ မေးခွန်းပါ ဒေသခံများအတွက် နစ်နာမှုများ မည်သို့ဆောင်ရွက်ပေးမည်ဆိုသည့် ကိစ္စအတွက် ညှိနှိုင်းဖြေရှင်းမှုနည်းလမ်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ သဘာဝသစ်တောကိစ္စရပ်များအတွက် သစ်တောများခုတ်ယူရန် လိုအပ်သောကိစ္စများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်၍ စနစ်တကျ ဆောင်ရွက်စေပါတယ်။ ပြန်လည်စိုက်ပျိုးရေးကိစ္စအတွက် နောင်ဆောင်ရွက်မည့်စီမံကိန်းများတွင် တင်ပြတဲ့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင်ထိခိုက်မှု အစီရင်ခံစာပါ အချက်အလက်များအရ ဆောင်ရွက်ပေးမည့် အစီအစဉ်များအပေါ် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးရန်စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သဘာဝသယံဇာတ တူးဖော်မှုကိစ္စအတွက်မှာ သက်ဆိုင်ရာသတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များပူးပေါင်းပြီး မလိုလားအပ်သော တရားမဝင်ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဖလမ်းမြို့နယ်၊ မဏိပူရမြစ်ဖါးရ်တံတား အထက် ၁ ဘုံ မိုင်ခန့်ရှိ မြစ်ကျိုးနေရာတွင် ရေလှောင်ကန်ပြုလုပ်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ပေးရန် စီမံချက်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီနေ့မေးမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ဖလမ်းမြို့နယ်နဲ့သက်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီကိစ္စမှာ ကျွန်တော်တို့ ဖလမ်းမြို့နယ်မှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးကိစ္စပဲဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းကို ဂန့်ဂေါကနေပြီးတော့ ဟားခါး၊ ဟားခါးကနေပြီးတော့တစ်ဆင့် ဖလမ်း၊ သိုင်းငင်အထိ ဆွဲဖို့စီစဉ်ထားတာရှိပါတယ်။ သို့သော်လည်းပဲ အဲဒီမဟာဓာတ်အားလိုင်းဟာ အခုလက်ရှိအနေနဲ့ ဟားခါးရောက်ရှိပြီးဖြစ်သော်လည်း ဟားခါးမှာတောင် လုံလောက်အောင် သုံးလို့မရသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ စောစောက ဒုတိယဝန်ကြီးပြောသွားတဲ့ သံလွင်မြစ်ပေါ်မှာတည်ဆောက်မယ့် ရေအားလျှပ်စစ်တွေနဲ့ လုံးဝခြားနားတဲ့ မဏိပူရမြစ်

ပေါ်မှာ ကျွန်တော်တို့တည်ဆောက်ပေးမယ်ဆိုရင် အဲဒီနေရာမှာ ထိခိုက်မယ့် ကျေးရွာတွေလည်း မရှိပါဘူး။ ပျက်စီးသွားမယ့် လယ်ယာမြေတွေလည်းမရှိပါဘူး။ ပျက်စီးသွားမယ့် သစ်တောဧရိယာတွေလည်း မရှိပါဘူး။ အဲဒီလိုဖြစ်နေတဲ့ အင်မတန်မှ သဘာဝကပေးထားတဲ့နေရာလေးဖြစ်တဲ့ အဲဒီနေရာလေးမှာ ကျွန်တော်တို့ကိုတည်ဆောက်ပေးမယ်ဆိုရင် နိုင်ငံတော်ရဲ့ပေါ်လစီဖြစ်တဲ့ ကျေးလက်တောရွာများနဲ့ မြို့ပေါ်တိုးတက်ဖွံ့ဖြိုးမှုတူညီဖို့နဲ့ ကျွန်တော်တို့နိုင်ငံတော်ရဲ့တိုးတက်ဖို့အတွက် ကျေးလက်တောရွာလည်း တိုးတက်မှုဖြစ်မယ်ဆိုတဲ့ကျွန်တော်တို့ရဲ့ ဆောင်ပုဒ်လည်း ပြီးမြောက်သွားမယ်လို့ ယုံကြည်ယူဆပါတယ်။ ပြီးတော့ဒီဟာကို ကျွန်တော်တင်ပြတဲ့ မဏိပူရမြစ်ပေါ်မှာ တည်ဆောက်မယ့် ရေအားလျှပ်စစ်စီမံကိန်းဟာ အမျိုးသားလွှတ်တော်ကလည်း တင်ပြတောင်းခံပြီးဖြစ်ပါတယ်။ ဒါကို ဂျပန်ပညာရှင်တွေနဲ့လေ့လာပြီး အဖြေလည်းထုတ်ခဲ့ပြီးဖြစ်ပါတယ်။ တင်ပြထားတဲ့ အကျိုးအကြောင်းဖော်ပြချက်မှာလည်း ဖော်ပြထားပြီးသားဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းဆိုတာကတော့ မြို့ပေါ်အတွက်ပဲဖြစ်ပြီးတော့ ကျေးလက်တောရွာများအတွက် ဒီစီမံကိန်းလေးကို ကျွန်တော်တို့ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် ဖလမ်းမြို့နယ်တင်မကဘဲနဲ့ ချင်းပြည်နယ်၊ မြောက်ပိုင်းချင်းပြည်နယ်၊ ဖလမ်း၊တွန်းဇံအထိတောင်မှကျွန်တော်တို့ ဒီလျှပ်စစ်ဓာတ်အားပေးနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒီဟာလေးကိုဆက်လက်ပြီးတော့ဆောင်ရွက်ပေးဖို့ရန် ဘယ်လိုအစီအစဉ်ရှိပါသလဲ ဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်အနေနဲ့ သိချင်တာကတော့ အဲဒီနေရာကို တိုင်းတာပြီးတဲ့နောက်မှာ အခုထိငြိမ်ချက်သားကောင်းနေတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းချင်တာကတော့ (၁)ဖော်ပြပါလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်နည်း၊ တိုင်းတာမှုများအရ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွက် လုံလောက်မှုရှိနိုင်မည်ဖြစ်ပါသဖြင့် မဖြစ်မနေတည်ဆောက်ပေးရန် စီမံချက်ရှိ/မရှိ ပြည်သူများမှ သိရှိလိုပါတယ်။ (၂) ပြည်သူများ၏ကန့်ကွက်မှုများဖြင့် ရင်ဆိုင်နေရသည့် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်စက်ရုံများမှ ပြည်သူများက မျှော်လင့်ခြင်းကြီးစွာဖြင့်စောင့်မျှော်နေသည်။ ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချပေးနိုင်မည့် ဤတည်ဆောက်ရေးလုပ်ငန်းကို အဘယ်ကြောင့်ဆက်လက်အကောင်အထည်အဖော်ပါသနည်း။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းနှုတ်ခွန်း ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်လိန်း၏ မေးခွန်းဖြစ်တဲ့ ဖလမ်းမြို့နယ်၊ မဏိပူရ်မြစ်၊ ဗါးရ်တံတားအထက် ၁ မိုင်၊ ၄ ဖာလုံခန့်အကွာ မြစ်ကျိုးနေရာမှာ ရေအားလျှပ်စစ်စီမံကိန်း မဖြစ်မနေတည်ဆောက်ပေးရန် စီမံချက် ရှိ/မရှိနှင့် ဖလမ်းမြို့နယ်၊ ဒုမန်းကျေးရွာရှိ၊ ခေါင်းဘိုချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ရန်ရှိပါက လုပ်ငန်းအကောင်အထည်ဖော်မည့်အချိန်၊ ဆောင်ရွက်ရန်မရှိပါက အဘယ်ကြောင့်နည်း စသည်တို့နှင့် ပက်သက်တဲ့ မေးခွန်းများအပေါ် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြမေးမြန်းသည့် မေးခွန်း နှစ်ခုအနက်မှ ပထမမေးခွန်းဖြစ် သော ဖလမ်းမြို့နယ်၊ ဗါးရ်တံတားအထက် ၁ မိုင်၊ ၄ ဖာလုံခန့်အကွာ မဏိပူရ်မြစ်ပေါ်မှာရှိတဲ့နေရာ အထက်မဏိပူရ် ရေအားလျှပ်စစ်အရင်းအမြစ်ကို ဌာနမှ စူးစမ်းတိုင်းတာပြီး ဖြစ်ပါတယ်။ အဆိုပါ နေရာဟာ မဂ္ဂါဝပ် ၃၈၀ ထွက်ရှိနိုင်တဲ့ မဏိပူရ်ရေအား လျှပ်စစ်စီမံကိန်း၏ အထက်ဘက် ၃၄ မိုင်ခန့် အကွာမှာ တည်ရှိပါတယ်။ အဲဒီနေရာနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ စူးစမ်းတိုင်းတာရေးအဖွဲ့ဟာ စီမံကိန်းဆိုင်ရာ အခြေခံအချက်အလက်များဖြစ်သည့် မြေပြင်အနေအထားနှင့် ရေထုစီးနှုန်းတို့ကို ပဏာမစူးစမ်း တိုင်းတာခဲ့ပါတယ်။ ၃၀ မဂ္ဂါဝပ်ခန့်ရှိနိုင်ကြောင်း၊ ဖြစ်နိုင်ခြေရှိကြောင်း တွေ့ရှိရပါတယ်။ သို့သော် ဘူမိဗေဒအခြေအနေနှင့် စီမံကိန်းစနစ်ပုံစံတို့ကို အသေးစိတ်စူးစမ်းလေ့လာမှုများ ဆက်လက် ဆောင်ရွက်ရန်လိုအပ်တဲ့အတွက် ၂၀၁၃ ခုနှစ် မတ်လမှာ ဌာန၏ အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ ဂျပန်နိုင်ငံ NEWJEC Inc. ကုမ္ပဏီလီမိတက်မှ ကျွမ်းကျင်သူများနှင့်အတူ ရေအားလျှပ်စစ်အကောင်အထည် ဖော်ရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်တဲ့ စူးစမ်းတိုင်းတာရေးအဖွဲ့ကို ဒုတိယအကြိမ် စူးစမ်းတိုင်းတာ စေခဲ့ပါတယ်။ အသေးစိတ်စူးစမ်းလေ့လာချက်အရ မြေမျက်နှာသွင်ပြင်အနေအထားဟာ မြစ်ကမ်းပါး များမတ်စောက်ခြင်းကြောင့် ဘေးနံရံတည်ငြိမ်မှု ထိန်းသိမ်းရန် ခက်ခဲခြင်း၊ မြစ်ကမ်းပါးနှင့် မြစ်ကြမ်း

ပြင်တို့ထိတွေ့တဲ့ ကျောက်သားအနေအထားမှာ ပျက်စီးကြေမွ လွယ်တဲ့ရွှံ့ကျောက်အထပ်လွှာများသာ ဖြစ်ခြင်းကြောင့် တမံနှင့် ဓါတ်အားပေးစက်ရုံတို့ တည်ဆောက်ရန် ခက်ခဲခြင်း၊ တည်ဆောက်ပါ ကလည်း ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏကြီးမားပြီးကုန်ကျစရိတ် ပိုမိုကုန်ကျနိုင်ခြင်း၊ ရေရှည် ကမ်းပါးများ တည်ငြိမ်အောင်အထူးဂရုပြုဆောင်ရွက်ရမည့်လုပ်ငန်းများ ပါဝင်လာနိုင်ခြင်း၊ ၎င်းနေရာ အနီးတစ်ဝိုက်မှာရှိတဲ့ သဲ၊ ကျောက်စရစ်စတဲ့ တည်ဆောက်ရေးသုံး ပစ္စည်းများ အရည်အသွေး မကောင်း၍ ဝေးလံသောဒေသမှသယ်ယူရမည့်စရိတ်များ ကြီးမြင့်လာမည်ဖြစ်ခြင်း၊ နှစ်စဉ်ပျမ်းမျှစီးဝင် ရေထုမှာ ၄၄၁၃၀၀၀ ဧကပေရှိပြီး ထိန်းနိုင်မည့်ရေပမာဏမှာတော့ ၈၀၅၉၀ ဧကပေသာရှိခြင်း ကြောင့် မိုးတွင်းကာလမှာ မြစ်ရေကြီးချိန်တွေမှာ ကြီးမားတဲ့ရေထုကို ထုတ်လွှတ်နိုင်ဖို့ ဆောင်ရွက်ရ မည့် ကွန်ကရစ်ရေပိုလွှဲအဆောက်အအုံမှာ ကုန်ကျစရိတ်ကြီးမားနိုင်ခြင်း စသည်တို့ကို လေ့လာတွေ့ရှိ ရပါတယ်။

ဒါ့အပြင် အဆိုပြုနေရာနှင့်စပ်လျဉ်း၍ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှာချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးကျွန်ခဲန်းမှ မေးမြန်းခဲ့ပါသဖြင့် အသေးစိတ်လေ့လာစူးစမ်းခဲ့မှုများအရ အကောင်အထည်ဖော် ဆောင်ရွက်ရန် သင့်လျော်မှုမရှိပါကြောင်းကိုလည်း ၁၄-၈-၂၀၁၃ ရက်နေ့မှာ ဖြေကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးမှ ဆက်လက်တင်ပြမေးမြန်းထားသည့် ဒုတိယမေးခွန်း ဖြစ်တဲ့ ဖလမ်းမြို့နယ်၊ ဒုမန်းကျေးရွာရှိ ခေါင်းဘိုချောင်းမှ ရေအားလျှပ်စစ်ထုတ်ယူနိုင်မှုနှင့် စပ်လျဉ်း၍ အဆိုပြုတင်ပြထားသည့်နေရာတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်ခြင်းရှိ/မရှိကို ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဦးကျွန်ခဲန်းမှ စာဖြင့်မေးမြန်းခဲ့သဖြင့် ဌာနကနေပြီးတော့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလမှာ တိုင်းတာရေးအဖွဲ့စေလွှတ်ပြီး စီမံကိန်းဖြစ်မြောက် နိုင်မှုတို့ကို စူးစမ်းလေ့လာခဲ့ပါတယ်။

စူးစမ်းတိုင်းတာရေးအဖွဲ့ရဲ့လေ့လာချက်အရ အဆိုပြုနေရာ၏ မြေမျက်နှာသွင်ပြင်၊ ဘူမိဗေဒ အခြေအနေ၊ ဇလဗေဒဆိုင်ရာ အချက်အလက်များနှင့် ချောင်းရေထုစီးနှုန်းတို့ကို အသေးစိတ် လေ့လာခဲ့ပြီးဖြစ်ပါတယ်။ စူးစမ်းလေ့လာမှုအရ ခေါင်းဘိုချောင်းရဲ့ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၅၇ လက်မ၊ ရေထုစီးနှုန်း ၁၈ ကုဗပေ/စက္ကန့်တို့ဖြစ်ပြီး ဒုမန်းကျေးရွာရဲ့အထက်ဘက် ၂ ဖာလုံခန့်အကွာမှာ ရေလွှဲ ဆည်တစ်ခုတည်ဆောက်ပါက ၁၉၀ ကီလိုဝပ်ခန့် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း

ကိုတော့ပဏာမ တွေ့ရှိရပါတယ်။ ခေါင်းဘိုချောင်း ရေအားလျှပ်စစ်စီမံကိန်းအနေဖြင့် ဘူမိဗေဒအခြေအနေအရ စီမံကိန်းတည်ဆောက်ရန် လက်ခံနိုင်ခြေရှိကြောင်း၊ တောင်ယာမြေအပါအဝင် အခြားဆုံးရှုံးမှုနည်းပါးတဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးအောင် ဆောင်ရွက်နိုင်ကြောင်း၊ ဒေသခံကျေးရွာများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ကြောင်းတို့ကို ဖော်ပြပါရှိသည့် စီမံကိန်းဖြစ်မြောက်နိုင်မှု အစီရင်ခံစာအား ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးကျွန်ခဲန်းနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ၁၇-၃-၂၀၁၄ ရက်နေ့တွင် သုံးသပ်ချက်များနှင့်တကွပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ အသေးစားရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ စီမံခန့်ခွဲခွင့်ဆောင်ရွက်ခွင့်တို့ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် နှစ်စဉ်ရန်ပုံငွေတင်ပြ တောင်းခံဆောင်ရွက်ရန်လည်း ဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်တစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်သွားနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ယခုအခါမှာလည်းကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဟားခါး-ဖလမ်း-သိုင်ငင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းကို တည်ဆောက်လျက်ရှိပါတယ်။ ဟားခါးနှင့် ဖလမ်းကြားမှာရှိတဲ့ ကျေးရွာများ၊ ဖလမ်းနှင့် သိုင်ငဲင်းကြားမှာရှိတဲ့ ကျေးရွာများကို ဓာတ်အား ပေးနိုင်ရေးအတွက် ယခုတည်ဆောက်တဲ့ ၆၆ ဓာတ်အားလိုင်း၁၁ ကေဗွီဓာတ်အား စနစ်ကိုပါ ထည့်သွင်းတည်ဆောက် သွားမည်ဖြစ်ပြီး အဲဒီကြားမှာ ရှိတဲ့ဖော်ပြပါကျေးရွာများကိုလည်း ဓာတ်အားပေးနိုင်ရန် ဆက်လက်စီစဉ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကျောက်တံခါးမြို့နယ်အတွင်းရှိ ဇရပ်ခင်ကျေးရွာအုပ်စု၊ သဲဖြူရွာသစ်၊ သဲဖြူရွာဟောင်း၊ ဇရပ်ခင်ရွာဟောင်း၊ ဇရပ်ခင် ရွာသစ်၊ နံ့ဇလေ၊ ပေါက်ကုန်း၊ အောက်တဲစုကျေးရွာများနှင့် ဖဒိုဒေသရှိ မီးတိုင်တော၊ ဗောမိ ကွင်း-မိုးမခကျေးရွာတို့သည် မြို့နှင့်အလှမ်းကွာဝေးပြီး လျှပ်စစ်မီးမရရှိနိုင်သည့် ဆင်းရဲနွမ်းပါးသာ ကျေးရွာများဖြစ်သဖြင့် နိုင်ငံတော်မှ ဆိုလာမီးချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကျောက်တံခါးမြို့နယ်၊ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်မီးလင်းရေးအတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်အတွင်း ပဲနွယ်ကုန်းဒေသအရှေ့ဘက်မှာရှိတဲ့ ဇရပ်ခင်ကျေးရွာအုပ်စု သဲဖြူရွာသစ်မှာ အိမ်ခြေ ၁၀၀ အိမ်ရှိပါတယ်။ ဇရပ်ခင်ကျေးရွာအုပ်စု သဲဖြူရွာဟောင်းကလည်း အိမ်ခြေ ၁၂၀ အိမ်ရှိပါတယ်။ ဇရပ်ခင်ကျေးရွာအုပ်စု ဇရပ်ခင်ရွာဟောင်းကလည်း အိမ်ခြေ ၁၇၀ အိမ်၊ ဇရပ်ခင်ရွာသစ်က အိမ်ခြေ ၇၁ အိမ်၊ နံ့ဇလေကျေးရွာ အိမ်ခြေ ၄၂ အိမ်၊ ပေါက်ကုန်းကျေးရွာ အိမ်ခြေ ၄၀ အိမ်၊ နောက်ဇရပ်ခင်ကျေးရွာအုပ်စုကပဲ အောက်တဲစုကျေးရွာက အိမ်ခြေ ၁၃၅ အိမ်ရှိပါတယ်။ နောက်တစ်ခါ ကျောက်တံခါးမြို့နယ်၊ ဖဒိုဒေသမြောက်ပိုင်းမှာရှိတဲ့ ကျွန်တော်တို့ မီးတိုင်တောဒေသ အိမ်ခြေ ၁၂၅ နှင့် ကျောက်တံခါးမြို့နယ် ဖဒိုဒေသတောင်ပိုင်းမှာရှိတဲ့ ဗောဓိကွင်းနဲ့ မိုးမခကျေးရွာ အိမ်ခြေ ၁၃၅ အိမ်ရှိကြပါတယ်။ ၎င်းတို့ဟာ မြို့နဲ့အလှမ်းကွာဝေးပြီးတော့ လျှပ်စစ်မီးမရရှိနိုင်တဲ့ ဆင်းရဲနွမ်းပါးတဲ့ ကျေးရွာများဖြစ်တဲ့အတွက် နိုင်ငံတော်မှ ဆိုလာမီးချထားပေးပါရန် အစီအစဉ်ရှိ/မရှိကို သိလိုပါသဖြင့် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းသော ကျောက်တံခါးမြို့နယ်အတွင်းရှိ ဇရပ်ခင်ကျေးရွာအုပ်စု၊ သဲဖြူရွာသစ်၊ သဲဖြူရွာဟောင်း၊ ဇရပ်ခင်ကျေးရွာဟောင်း၊ ဇရပ်ခင်ရွာသစ်၊ နံ့ဇလေး၊ ပေါက်ကုန်း၊ အောက်တဲစုနှင့် ဖဒိုဒေသမှာရှိတဲ့ မီးတိုင်တော၊ ဗောဓိကွင်း-မိုးမခကျေးရွာ စုစုပေါင်းကျေးရွာ ကိုးရွာရှိပါတယ်။ အဲဒီမှာ အိမ်ခြေပေါင်း ၈၃၄ အိမ်ရှိပြီးတော့

၎င်းတို့ကို ဆိုလာစနစ်ဖြင့် မီးလင်းစေဖို့အတွက် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ခန့်မှန်း ကုန်ကျငွေ ၁၆၆.၈ သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံး လျှပ်စစ်မီးသွယ်တန်းရေးနှင့် ပတ်သက်၍ ကျပ်သန်းပေါင်း ၄၁၇၄.၂၁ သန်းဖြင့် ကျေးရွာပေါင်း ၈၀ ကို National Grid မှလည်းကောင်း၊ ဆိုလာစနစ်ကို ကျေးရွာ ပေါင်း ၂၂၂ ရွာ စုစုပေါင်း ကျေးရွာ ၃၀၂ ရွာကို ဆောင်ရွက်ဖို့ ငွေအားဖြင့်ခုနက တင်ပြတဲ့ ၄၁၇၄.၁ သန်းဖြင့် ယခုနှစ်ခွင့်ပြုထားပါတယ်။ ကျောက်တံခါးမြို့နယ်အနေနဲ့ တင်ပြရရင် ၂၀၁၅-၂၀၁၆ မှာ ကျောက်တံခါးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်းခုနစ်ရွာမှာ ဆိုလာစနစ်ဖြင့် ခွင့်ပြုထားပါတယ်။ ကျေးရွာတွေကတော့ ဝွေးကုန်း၊ ဒိုးတန်း၊ လက်ခံ၊ ချောက်တဲစု၊ အောင်လောင်းစိန်၊ သူဌေးကြီး၊ ခင်ကန့်လန့် အိမ်ခြေအားဖြင့် ၈၂၇ အိမ် ကျပ်ငွေအားဖြင့် ခွင့်ပြုငွေ ၁၆၅.၄ သန်းနှင့် ဆိုလာစနစ်ကို ခွင့်ပြုထားပါတယ်။ ယခုနှစ် ၂၀၁၅-၂၀၁၆ မှာပဲ လျှပ်စစ်ဓာတ်အားလိုင်း National Grid ကနေပြီးတော့ ကျေးရွာ ၁၀ ရွာ ရွာအမည်များကတော့ သဃ်န်းကျွန်းချောင်း၊ ဗောဓိ ကွင်း၊ စဥ့်အိုးလှ၊ မင်းတန်း၊ အလယ်ကျွန်း၊ ကျွန်းကုန်း၊ တိုက်ကြီးစု၊ အုန်းနဲ့ပင်၊ ညောင်ပင်ဝိုင်းအလယ်စု၊ ညောင်ပင်ဝိုင်းအရှေ့စုတို့ဖြစ်ပါတယ်။ ခန့်မှန်းအားဖြင့် ၁၃၆.၇၁ သန်း ခွင့်ပြုထားပါတယ်။ ဆိုလာနဲ့ National Grid ပေါင်းရင် ဒီရွာအားလုံး ပေါင်းလိုက်ရင် ၃၀၂.၁၁ သန်း ကျွန်တော်တို့ ယခုနှစ်ခွင့်ပြုထားပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်ဆွေ တင်ပြလာတဲ့ ကျောက်တံခါးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာကိုးရွာ ဆိုလာမီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်း ခွင့်ပြုထားခြင်းမရှိပါ ကြောင်းနှင့် နောင်လာမယ့်နှစ်တွေမှာတော့ ကျွန်တော်တို့ နှစ်အလိုက်ဦးစားပေး အစီအစဉ်အတိုင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီ အလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၁)ရက် မြောက်နေ့ဖြစ်သော ၁၀-၆-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၂-၆-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြု ခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါမှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူပြီး ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် (၁၂) ချက်ကို ဥပဒေကြမ်းကော်မတီ က တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် (၁၂) ချက်ကို ဦးစွာတင်ပြသွားမှာ

ဖြစ်ပါတယ်။ အဲဒီ (၁၂) ချက်ကတော့ ဖြန့်ဝေထားတဲ့ကန့်လန့်ဖြတ်ဇယားမှာ စာမျက်နှာ ၁ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၄ အထိ အပိုဒ်အနေနဲ့ ဥပဒေခေါင်းစီး၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ တို့ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၇ အသစ်ဖြည့်စွက်ချက် အပိုဒ် ၇ ဖြစ်ပါတယ်။ စာမျက်နှာ ၄ အမှတ်စဉ် ၉ မှ အမှတ်စဉ် ၁၁ အထိ အသစ်ဖြည့်စွက်ချက် အပိုဒ် ၉၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၀၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁ တို့ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ မှ စာမျက်နှာ ၆ အထိ အမှတ်စဉ် ၁၂ မှ အမှတ်စဉ် ၁၅ အသစ်ဖြည့်စွက်ချက်အပိုဒ် ၁၂၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၄၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၅ တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖော်ပြပါပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၂) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အား ပြည်ထဲရေးဝန်ကြီးဌာနက သဘောတူပါသလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းတဲ့ မြန်မာနိုင်ငံယစ်မျိုးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက တင်သွင်းတာနဲ့ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေကြမ်းအပိုဒ် ၁ ပုဒ်မ ၁ ပုဒ်မခွဲ(ဌ) ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)နဲ့ ပုဒ်မ ၁၁၊ ၁၃၊ ၃၀ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၃၃ နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သီးခြားတင်ပြရန်တော့ မရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတင်တဲ့ အပိုဒ် ၅ မှာ မြန်မာနိုင်ငံယစ်မျိုးဥပဒေ ပုဒ်မ ၃၀ မှာဖြစ်ပါတယ်။ ခြောက်လအထိ ထောင်ဒဏ် သို့မဟုတ် ကျပ် ၁၀၀၀ အထိငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေဆိုတဲ့ စကားရပ်ကို။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာခဏလေးပါ။ ခုနက ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်(၁၂)ချက် စာမျက်နှာ ၁ အမှတ်စဉ် ၁၊ ၂၊ ၃၊ ၄၊ စာမျက်နှာ ၃ အမှတ်စဉ် ၇ စာမျက်နှာ ၄ အမှတ်စဉ် ၉၊ ၁၀၊ ၁၁၊

စာမျက်နှာ ၅ အမှတ်စဉ် ၁၂၊ ၁၃၊ ၁၄၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၅ နဲ့ပတ်သက်ပြီးတော့ ဒါကို ပြည်ထဲရေးဝန်ကြီးဌာနက ပြင်ဆင်ချက်(၁၂)ချက်အပေါ် သဘောတူ/မတူ မေးခြင်းဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ကျန်တဲ့အချက်တွေကိုတော့ သဘောတူပါတယ်ခင်ဗျား။ ကျွန်တော်တို့ စာမျက်နှာ ၂ အပိုဒ် ၅ နဲ့ အပိုဒ် ၆ ကို။

**ဥက္ကဋ္ဌ**။ ။ အဲဒါတွေကို သီးခြားဆက်ပြီးဆွေးနွေးပါ။ ဒါ့ကြောင့်မို့လို့ ပြင်ဆင်ချက်(၁၂) ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနက သဘောတူပါတယ်။ မှန်ပါသလား။ ကျန်တဲ့ခုနကပြောတဲ့ (၃)ချက်ရှိပါတယ်။ (၃)ချက်ကျလို့ရှိရင်တော့ ဆက်ပြီးတော့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် (၁၂) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ နိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၂) ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည် ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား ၂ ဖြစ်ပါတယ်။ အမှတ်စဉ် ၅ ကို ဒေါ်တင်နွယ်ဦးက အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မအဆိုပြုတင်ပြမှာကတော့ စာမျက်နှာ ၂ အပိုဒ် ၅ ဖြစ်ပါတယ်။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ ကို ပြုပြင်မှာဖြစ်ပါတယ်။ အထူးအားဖြင့်တော့ ကျွန်မက ပြည်ထဲရေးဝန်ကြီးဌာနက ဆိုတဲ့အဆိုအတိုင်းပဲ ပြန်ပြီးတော့ ထားချင်တာဖြစ်ပါတယ်။ တစ်နည်းအား ဖြင့် ပြောရမယ်ဆိုလို့ရှိရင် ဒီယစ်မျိုးဥပဒေသည် ဒီဟာက မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ကိစ္စတွေနဲ့ဆိုင်တဲ့

အတွက်ကြောင့်မို့လို့ တကယ့်တကယ်ကျတော့ ကျွန်မတို့နိုင်ငံသားတွေအတွက် ကျန်းမာရေးလည်း ထိခိုက်တယ်။ စိတ်ဓာတ်တွေကိုလည်း ချို့ယွင်းတယ်ဆိုပြီးတော့ ကျွန်မတို့မှာ လူ့စွမ်းအားအရင်း အမြစ်ကိုထိခိုက်တဲ့အတွက်ကြောင့် ဒီဥပဒေမှာရှိတဲ့ပြင်ဆင်ချက်ကို တင်ပြရခြင်းဖြစ်ပါတယ်။ အခြား တိုင်းပြည်တွေမှာလည်း ဒီလိုပဲ ယစ်မျိုးနှင့်ပတ်သက်လို့၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်လို့ တားဆီးလေ၊ ထပ်ပြီးကျူးလွန်လေ ဖြစ်တဲ့အခါမှာ ဥပဒေက စည်းနှောင်အားမရှိရင် ဒီဥပဒေကိုကျူးလွန်ဖို့ထက် ပိုပြီးတော့ လျော့ပါးမယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပြင်ချင်တာဖြစ်ပါတယ်။ ကျွန်မတို့ ဒီ Burma Excise Act တွေကိုလည်း Amendment နဲ့ ၁၉၅၅ ခုနှစ် တစ်ခါပြင်ပြီးပါပြီ။ ၁၉၅၈ ခုနှစ်မှာလည်း ပြင်ပြီးပါပြီ။ အဲဒီတော့ အခုတစ်ခါဆိုလို့ရှိရင်လည်း ဒီမူးယစ်ဆေးဝါးနှင့်ပတ်သက်တဲ့ ဒီမူးယစ်ဥပဒေမှာ ဆိုလို့ရှိရင် ထုတ်လုပ်တဲ့လူ၊ သယ်ဆောင်တဲ့လူ၊ ဖြန့်ဖြူးတဲ့လူ၊ စားသုံးတဲ့လူတွေဆိုပြီးတော့မှ ပင်ရင်း ဖြစ်တဲ့ထုတ်လုပ်သူ အဓိကအားဖြင့် ရှမ်းပြည်နယ်မှာဆိုလို့ရှိရင် ဘိမ်းစိုက်တဲ့လူတွေကို၊ ဘိမ်းခင်း တွေကို ကျွန်မအလုပ်လုပ်ခဲ့တဲ့ UNODC မှာဆိုရင် မီးရှို့ဖျက်ဆီးခဲ့ တာဖြစ်ပါတယ်။ ပင်ရင်းကိုပိုပြီး တော့ အပြစ်ပေးရမှာဖြစ်ပါတယ်။ အဲဒီတော့ အပြစ်ဒဏ်နှင့်ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်အတွက်၊ တရားဥပဒေစိုးမိုးရေးအတွက် လုပ်တဲ့ကိစ္စများကို ပြည်ထဲရေးဝန်ကြီးဌာနက အဆိုတင်ပြတဲ့အတိုင်း ကျွန်မက သဘောတူခြင်းဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကဆိုလို့ရှိရင် ပထမ အပိုဒ် ၅ မှာ ထောင်ဒဏ်ကို (၆)လနှင့် (၂)နှစ်ဆိုပြီးတော့ သတ်မှတ်ထားပါတယ်။ နောက် တစ်ခါ ငွေဒဏ်ကို (၁၀)သိန်းကနေပြီးတော့ သိန်း (၂၀) လို့ သတ်မှတ်ထားပါတယ်။ အဲဒီတော့ တစ်နည်း အားဖြင့်ပြောရမယ်ဆိုလို့ရှိရင် အရင်တုန်းကဆိုရင် ရူပီးနဲ့သတ်မှတ်ထားတဲ့ဟာကို တိုးပြီးတော့ ပြုပြင်ထားတာရှိပါ တယ်။ အဲဒါကြောင့်မို့လို့ ပြည်ထဲရေးဝန်ကြီးဌာနက တင်ပြတဲ့အဆိုပြုချက်အတိုင်း ထောက်ခံခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနက ဒေါ်တင်နွယ်ဦး တင်ပြချက်အပေါ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦး ဆွေးနွေး သလိုပါပဲ။ စာမျက်နှာ ၂ အပိုဒ် ၅ ပါအချက်သည် ထောင်ဒဏ်ကို အနည်းဆုံး ၆ လမှ အများဆုံး ထောင်ဒဏ် (၂) နှစ်ဆိုပြီးတော့ ပြဌာန်းဖို့ တင်ပြထားပါတယ်။ နောက် အနည်းဆုံးဒဏ်ငွေကတော့

(၁၀)သိန်းမှ သိန်း (၂၀)လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းရခြင်းကတော့ ကျွန်တော်တို့ ဒီယစ်မျိုးလိုင်စင်နဲ့ပတ်သက်ပြီး ဆောင်ရွက်ခွင့်ပေးတဲ့အခါမှာ ယစ်မျိုးလိုင်စင်နဲ့ပတ်သက်ပြီး အခွန်ပေးဆောင်မှုက တန်ဖိုးကိုမြှင့်ပြီးတော့ သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒဏ်ငွေနဲ့ ထောင်ဒဏ်တွေကိုလည်းမြှင့်ပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တကယ့်တရားမဝင်ယစ်မျိုးနဲ့ပတ်သက်ပြီး ရောင်းချမှုတွေက အခုမှ များပြားလာတာတွေရှိပါတယ်။ ဒါကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်နိုင်ဖို့လည်း ရည်ရွယ်ပါတယ်။ နောက်တစ်ခုကတော့ တရားဝင်အခွန်ဆောင်ထားတာကို ကျွန်တော်တို့က ဒီမှာ ပြစ်ဒဏ်ကိုလျှော့လိုက်မယ်ဆိုရင် ဒီဒဏ်ငွေဟာ ပေးဆောင်ပြီးတော့ပဲ တရားမဝင်တဲ့ယစ်မျိုးရောင်းချမှုကို ဆောင်ရွက်ချက်တွေ ပိုမိုများပြားလာမှာဖြစ်တဲ့အတွက် ဒါကိုလည်း ထိန်းသိမ်းတဲ့သဘောလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းဥပဒေကြမ်းပါ ပြစ်ဒဏ်အတိုင်းပဲ ထားရှိသင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝန်ကြီးဌာနကစပြီး ပြင်ဆင်ဖို့တင်သွင်းလာတဲ့အချိန်မှာ သူတို့ရဲ့ရည်ရွယ်ချက်တွေကတော့ နိုင်ငံအတွင်းမှာ လိုင်စင်မရှိဘဲနဲ့ လုပ်ငန်းလုပ်တဲ့လူတွေလျှော့ချဖို့နဲ့ အရက်သေစာသောက်စားမှု စတာတွေ လျှော့ချဖို့ ရည်ရွယ်ချက်တွေနဲ့ နောက်ခေတ်ကာလနဲ့မကိုက်ညီတဲ့ပြစ်မှု၊ ပြစ်ဒဏ်တွေကို ပြောင်းလဲဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြင်ဆင်ချက်တင်သွင်းလာတာဖြစ်ပါတယ်ခင်ဗျား။ ဒါပေမဲ့ အကုန်လုံးခြုံငုံပြီး စဉ်းစားတဲ့အချိန်မှာ၊ ကော်မတီမှာဆွေးနွေးတဲ့အချိန်မှာ ဥပဒေရဲ့ပြဋ္ဌာန်းချက်တွေဟာ လိုင်စင်ရယူထားတဲ့ပုဂ္ဂိုလ်တွေကိုပဲ အများဆုံးကာကွယ်ပေးသလိုဖြစ်နေမှာတွေရယ်၊ အောက်ခြေ ပြည်သူလူထုရဲ့အခြေအနေအရ ဆက်တိုက်ဖြစ်ပွားလာမယ့်ဥပဒေတစ်ခု အတည်ပြုပြီးလို့ရှိရင် လိုက်နာရမှာက နိုင်ငံသားအကုန်လုံးဖြစ်ပါတယ်ခင်ဗျား။ လိုင်စင်သမားတွေပဲမဟုတ်ပါဘူး။ ပြည်သူလူထုအကုန်လုံးဖြစ်ပါတယ်။ အဲဒီတော့ အောက်ခြေ ပြည်သူလူထုရဲ့အခြေအနေကို ဆက်စပ်ပြီးတော့ ပြစ်မှုပြစ်ဒဏ်တွေကို ထိုက်သင့်သလောက်တော့တိုးပါ။ ဒီလိုမျိုးကြီးတော့ အများကြီးလုပ်လို့ရှိရင် အောက်ခြေ လက်တွေ့အခြေအနေမှာဖြစ်ပျက်လာတာတွေနဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီမှု လွဲပါလိမ့်မယ်ဆိုပြီးတော့ ဝန်ကြီးဌာနနဲ့ ဆွေးနွေးတဲ့အချိန်မှာ ဝန်ကြီးဌာန

ကနေ ပြန်လည်တင်သွင်းလာတဲ့ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်းကော်မတီက အတည်ပြုထားတာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်အပေါ်မှာပဲ လွှတ်တော်မှ အတည်ပြုပေးဖို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒေါ်တင်နွယ်ဦးရဲ့ အဆိုပြုတင်ပြချက်က ဒီဟာအတိုင်းမှန်တယ်။ ဒါကြောင့်မို့လို့ ဒီတိုင်းဆောင်ရွက်ပေးပါဆိုပြီးတော့ ဝန်ကြီးဌာနကလည်း တင်ပြသွားတာရှိပါတယ်။ ဥပဒေကြမ်းကော်မတီကျတော့ မူလရည်ရွယ်ချက်တွေမြောက်အောင်နဲ့ ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်သုံးသပ်တင်ပြဆောင်ရွက်ပါဆိုတဲ့ အပေါ်မူတည်ပြီးတော့ တင်ပြလာတဲ့အပေါ် ဥပဒေကြမ်းကော်မတီက တင်ပြခြင်းလို့ တင်ပြထားတာရှိပါတယ်။ ဘယ်လိုပဲဆိုဆို ဒီလိုတစ်ဖက်နဲ့တစ်ဖက် အယူအဆချင်းမတိုက်ဆိုင်တဲ့အတွက် ဆက်လက်ပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်သော ပြင်ဆင်ရန်တင်ပြချက်ဇယားတိုင်မှာ ဖော်ပြထားတာက ဒါ ဒေါ်တင်နွယ်ဦးက တင်ပြတာလား။ ဥပဒေကြမ်းကော်မတီက တင်ပြတာပါလား။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီက တင်ပြတာပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် စာမျက်နှာ ၂ ဇယားတိုင် ၁၊ ၂၊ ၃၊ ၄ မှာဖော်ပြထားတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အပေါ် လွှတ်တော်က အဆုံးအဖြတ်ပေးဖို့ဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ ၁၇၉ မဲ၊ ကန့်ကွက်မဲ ၁၆၂ မဲ၊ ကြားနေမဲ ၁၁ မဲဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆။ ဒေါ်တင်နွယ်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ အမှတ်စဉ် ၅ မှာကဲ့သို့ပါပဲ။ ဒီ မူးယစ်ဥပဒေကဆိုလို့ရှိရင် မူးယစ်ဆေးဝါးနဲ့ လုံးဝနီးနွယ်နေတဲ့အတွက်ကြောင့်မို့လို့ ခုနက ကိုယ်စားလှယ်ကြီးပြောခဲ့သလို ဒီလုပ်ငန်းအသေးလေးလုပ်တာ တစ်နည်းအားဖြင့် အရပ်ပုန်းချက်တဲ့လူတွေကို

ခွင့်လွှတ်စေချင်လို့ ဒီလိုပြစ်ဒဏ်လျှော့ပေါ့တယ်ဆိုလို့ရှိရင် မည်သူမဆိုဒီဥပဒေရဲ့ တည်ဆဲဥပဒေကို မသိလို့၊ မလိုက်နာဘူး။ ဥပဒေနဲ့ ခွင့်ပြုချက်မရဘဲနဲ့လုပ်မိတာပါ။ မသိလို့ပါဆိုတာ ခွင့်လွှတ်လို့မရတဲ့ ကိစ္စဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ဆင်ခြင်တုံတရားဆိုတာက ပညာနဲ့ဆက်သွယ်နေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လူတွေရဲ့ ပညာအရည်အချင်းရော အကုန်လုံးကိုဖျက်စီးပစ်စေတဲ့ မူးယစ်နဲ့ပတ်သက်လို့ ကျွန်မတို့က ပြစ်ဒဏ်ပိုပြီးတော့တိုးချင်တဲ့သဘောပါပဲ။ ဒါကြောင့်မို့လို့ ဒီပုဒ်မ ၃၁ မှာလည်း ပြစ်ဒဏ်ကို ကျွန်မက နဂိုပြည်ထဲရေးက တင်ပြတဲ့အတိုင်းပဲ (၁)နှစ်ကနေ (၃)နှစ် သို့မဟုတ် ငွေဒဏ်ဆိုလို့ရှိရင် အနည်းဆုံးနှစ်သန်းကနေ သုံးသန်းဆိုပြီးတော့ သတ်မှတ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ဒီလိုပြစ်ဒဏ်နဲ့ငွေဒဏ်ကို ပိုတိုးသတ်မှတ်ခြင်းအားဖြင့် ကျွန်မတို့က လူတွေကို ပြစ်ဒဏ်ကြီးမှ ဥပဒေကို ပိုပြီးတော့လည်း လိုက်နာစေ၊ တိုင်းပြည်အတွက်လည်း အခွန်ဘဏ္ဍာတိုးစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနကလည်း မူလသဘောထားအတိုင်းပဲ ဖြစ်မယ်ထင်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကို လူတိုင်း လိုက်နာရမှာဖြစ်တဲ့အတွက် အရက်ပုန်းချက်တဲ့သူတွေကို ကာကွယ်ပေးစေချင်တဲ့စိတ်နဲ့တော့ မဟုတ်ပါဘူးခင်ဗျား။ ခေတ်ကာလအခြေအနေနဲ့လိုက်လျော်ညီထွေရှိတဲ့ ပြစ်မှု၊ ပြစ်ဒဏ်တွေကိုလည်း တိုးမြှင့်ထားပြီးပြီ။ အောက်ခြေမှာအကောင်အထည်ဖော်တဲ့အချိန်မှာ မလိုလားအပ်တဲ့ပြဿနာတွေ မဖြစ်အောင်ဆိုပြီး ဆွေးနွေးတဲ့အချိန်မှာ ဝန်ကြီးဌာနက ပြန်လည်တင်သွင်းလာတဲ့အတိုင်းပဲ ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့တင်ပြလာခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မိုလို့ ဥပဒေကြမ်းကော်မတီရဲ့ပြန်လည်တင်ပြချက်အပေါ်မှာပဲ လွှတ်တော်မှအတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်ကအဆုံးအဖြတ်ပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးရန်ဖြစ်တဲ့အတွက် ဆန္ဒမဲပေးရန်အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ဆန္ဒမဲပေးမီးကို ခဏရပ်ဆိုင်းထားပေးပါ။ ပြန်ပြီးတင်ပြပါ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက အပိုဒ် ၅ ဆန္ဒမဲပြုတဲ့အခါမှာလည်း အခု Voting စက်တွေဟာ ပေးလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဆန္ဒမဲခွဲတဲ့နေရာမှာ

မဲကအနည်းငယ်ပဲကွာခြားမှုရှိပါတယ်။ အခုလည်းပဲ ဆန္ဒပြုတဲ့အခါမှာ Voting လုပ်လို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီစက်ခလုတ်များကို ပြန်လည်စိစစ်ပေးဖို့ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စက်ခလုတ်ပြန်ဖွင့်ပေးပါ။ ပြန်စမ်းသပ်ချင်လို့။ ပြီးခဲ့တဲ့ ဆန္ဒမဲပေးခွင့်ရှိတာ ၃၇၆ ဦး၊ ထောက်ခံမဲ ၁၇၉ မဲ၊ ကန့်ကွက်မဲ ၁၆၂၊ ကြားနေမဲ ၁၁ မဲ။ ဒါအားလုံးပေါင်းလိုက်မယ်ဆိုရင် ၃၅၂ မဲ ဆိုတဲ့အတွက် ပျောက်ဆုံးမှုက ၂၄ မဲ။ ဒါမဲပေးတာကျန်တာလား။ ဒါမှမဟုတ်ရင် Voting လုပ်လို့မရတာလား။ အဲဒီတော့ ဦးသိန်းထွန်းဦးတို့က ခုနကမဲပေးတဲ့အခါမှာ ဘာကြောင့်မဲပေးလို့မရ ဘူးလို့ ဆွေးနွေးတင်ပြတာလဲ။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဆန္ဒမဲပြုတဲ့အခါမှာ ထောက်ခံ၊ ကြားနေ၊ ကန့်ကွက်ခလုတ် သုံးခုရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ ထောက်ခံတဲ့ဆန္ဒမဲပေးလိုက်ရင် အစိမ်းတစ်လုံးပဲ လင်းကျန်ခဲ့ရမှာပါ။ ကျွန်တော်တို့ ဒီအတန်းမှာဆိုရင် ကျွန်တော်တို့ထောက်ခံမဲ နှိပ်သော်လည်းပဲ မီးသုံးလုံးကပိတ်လိုက်၊ ဖွင့်လိုက်ပဲဖြစ်နေပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ ဒီဆန္ဒမဲပေးတဲ့ဘုတ်ခုံကို ပြန်လည်စိစစ်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်တဲ့နေရာတွေမှာရော အဲဒီလိုဖြစ်တာများရှိပါလား။ ကဲပြီးပါပြီ။ အပိုဒ် တစ်ခုပြီးပါပြီ။ အဲဒီတော့ အမှတ်စဉ် ၆ ကို စက်ခလုတ်အသုံးမပြုဘဲနဲ့ မတ်တပ်ရပ်ခြင်းနည်းလမ်းကို သုံးပါမယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံရင်မတ်တပ်ရပ် ပေးဖို့ဖြစ်ပါတယ်။ ကဲဒီဘက်က ဦးနန္ဒကျော်စွာပဲဒီတစ်တန်းကိုရေတွက်ပေးပါ။ ဒီဘက်က ဦးငွေးမြင့်က ဒုတိယတန်းကိုရေတွက်ပေးပါ။ တတိယတန်းက ဦးအောင်ကိုက ရေတွက်ပေးပါ။ သူရဦးအောင်ကို ပြီးပြီလား။ ဘယ်လောက်ပါလဲ။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ၄၅ ယောက်ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၄၅ ယောက်။ ၆၃ ယောက်။ ၅၈ ယောက်။ အားလုံးရေတွက်ပြီး ထိုင်နိုင်ပါပြီ။ ၁၆၆ ယောက်။ ဦးနန္ဒကျော်စွာဘက်က ၆၃ ယောက်မှန်ပါသလား။ ဦးငွေးမြင့်ဘက်က ၅၈ ယောက် မှန်ပါသလား။ သူရဦးအောင်ကိုဘက်က ၄၅ ယောက်။ အားလုံး ဒီအခန်းထဲမှာဘယ်လောက်ရှိသလဲ။ ခုနက စာရင်းအတိုင်းမရှိဘူး။ ဒီစာရင်းထဲက တချို့လူတွေမရှိကြဘူး။ ခုနကမတ်တပ်ရပ်တဲ့လူတွေ ထိုင်နေပါ။ ကန့်ကွက်မယ့်ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ကန့်ကွက်မယ့်သူများ မတ်တပ်

ရပ်ပါ။ ကဲ ဒီဘက်က ကိုဝေလင်းရေပါ။ ဒီမိုကရေစီ၊ ဒီမိုကရေစီ။ ဒီမှာဦးတင်ဝင်းအောင် အဲဒီလိုမရေပါနဲ့။ တစ်တန်းချင်းရေပါ။ မင်းအလုပ်မဟုတ်ဘူး။ ဒီဘက်က ဦးနန္ဒကျော်စွာ ရေပါ။ ဒီဘက်က ဦးဌေးမြင့် ရေပါ။ ဒီဘက်က ဦးအောင်ကို ရေပါ။ ဦးအောင်ကို ဘယ်လောက်ရှိပါသလဲ။ ဦးဌေးမြင့် ဘယ်လောက်လဲ။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ ၂၃ ယောက်။

**ဥက္ကဋ္ဌ**။ ။ ဦးနန္ဒကျော်စွာ။

**ဦးနန္ဒကျော်စွာ(ဒဂုံမဲဆန္ဒနယ်)**။ ။ ၂၄ ယောက်။

**ဥက္ကဋ္ဌ**။ ။ ဒီအတန်းမှာ ၂၄ ယောက်။ နောက် ဘယ်လောက်လဲ။ ၁၀၃ ယောက်။ ဒီဘက်တစ်ခြမ်းတင်ပဲ။ တပ်မတော်သားကိုယ်စားလှယ်က စုစုပေါင်း ၁၀၃ ယောက်။ နောက် ဦးနန္ဒကျော်စွာ ဒီဘက်အတန်းက ၂၄ ယောက်။ ဦးဌေးမြင့်တို့ ဒီဘက်အတန်းက ၂၃ ယောက်။ ဦးအောင်ကိုအပိုင်းက ၄၀ ယောက်။ အားလုံးထိုင်လို့ရပါပြီ။ ထောက်ခံတဲ့နေရာမှာ ၆၃၊ ၅၈၊ ၄၅ ယောက်။ ကျွန်တော်ပေါင်းလို့ရတာ အားလုံးပေါင်း ၁၆၆ ဖြစ်ပါတယ်။ မှန်ပါသလား။ နောက်တစ်ခါ ကန့်ကွက်တဲ့ဘက်မှာ တွက်တဲ့အခါမှာ ဒီတပ်ဘက်က ၁၀၃ ယောက်၊ နောက်တစ်ခါ ဦးနန္ဒကျော်စွာ ဘက်က ၂၄ ယောက်။ ဦးဌေးမြင့်တို့အတန်းက ၂၃ ယောက်။ ပြီးတဲ့အခါမှာ ဦးအောင်ကိုအတန်းက ၄၀ ယောက်။ စုစုပေါင်း ပေါင်းတဲ့အခါမှာ ၁၉၀ ယောက် ဖြစ်ပါတယ်။ မှန်ပါသလား။ ကန့်ကွက်ဆန္ဒမဲများတဲ့အတွက် ဒေါ်တင်နွယ်ဦးရဲ့ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။

**ဥက္ကဋ္ဌ**။ ။ အခု ဒီကိစ္စနှင့်ဆိုင်လား။

**ဥက္ကဋ္ဌ**။ ။ ပြောပါ။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့က အစတုန်းကတော့ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေမှာ မူးယစ်ဆေးဝါးနှင့်ပတ်သက်တဲ့ စပ်လျဉ်းချက်တွေပါပါတယ်။ ဒါပေမဲ့ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ဥပဒေ ပေါ်ထွက်လာပြီးတဲ့နောက်ပိုင်းမှာ ဒါကပြင်ဆင်တာပါ။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ဥပဒေက ပြဋ္ဌာန်းပြီးသားဖြစ်တာမို့လို့ ဒီမူးယစ်ဆေးဝါးနှင့်ဆိုင်တဲ့ အချက်တွေအကုန်လုံး ဖယ်ထုတ်ထားပါ

တယ်။ ဒီထဲမှာ မူးယစ်ဆေးဝါးနှင့်ဆိုင်တာ မဟုတ်ပါဘူး။ ယစ်မျိုးလို့ခေါ်တဲ့ အရက်နှင့်ဆိုင်တာပါ။ အရက်ပုန်းချက်တာနဲ့ ဆိုင်တာပါ။ အရက်ပုံးချက်တယ်ဆိုတာက ဆင်းရဲသားပြည်သူပြည်သားတွေက ချက်တာပါ။ နောက် ဒီကပြစ်ဒဏ်တွေကလည်း သိပ်များနေပါတယ်။ နောက်ပြီးလို့ရှိရင် အခုက ငွေဒဏ်လည်းသိပ်ပြီးတော့ များနေတဲ့အတွက်ကြောင့် ဆင်းရဲသားပြည်သူပြည်သားတွေအတွက် စဉ်းစားပြီး လျှော့ခြင်းဖြစ်ပါတယ်။ ဒီတစ်ခု ကျွန်မတင်ပြချင်တာက မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေက အရက်ပုန်းရောင်းခြင်းသာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဖြစ်တဲ့ ဘိန်းတို့၊ ကိုကင်းတို့၊ ဘာတို့ ဒါတွေနဲ့ သက်ဆိုင်ခြင်းမဟုတ်ပါဘူးဆိုတဲ့ တစ်ခုကို ရှင်းပြချင်လို့ပါရှင့်။

**ဥက္ကဋ္ဌ**။ ။ ခဏာမိုက်ပေးလိုက်ပါ။ ဦးသိန်းညွန့်ကို မိုက်ပေးပါ။

**ဦးသိန်းညွန့်(သယံဇာတနှင့်ကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့်ယစ်မျိုးဥပဒေဆိုတာ အမွှာညီအစ်ကိုပါပဲ။ ဒီနေ့ အရက်ပုန်းကြောင့် သေတဲ့လူတွေဟာ အိန္ဒိယပြီးရင် မြန်မာပြည်ဟာ အများဆုံးပါပဲ။ အဲဒီတော့ အရက်ပုန်းချက်တဲ့လူတွေကို ပြည်သူလူထုအတွက် သက်ညှာခွင့်ပေးလိုက်မယ်ဆိုရင် နောက်ထပ်မြန်မာပြည်မှာ ဈေးပေါပေါအရက်တွေသောက်ပြီးတော့ သေမယ့်ဦးရေဟာ အရေအတွက် အင်မတန်များပြားလာမှာပါ။ အဲဒီတော့ ဒုတိယကျွန်တော် ပြန်တင်ပြချင်တာက စက်ခလုတ်မဲတွေဟာ သံသယရှိတယ်ဆိုတာ မနေ့က အခြေခံဥပဒေကိစ္စမှာလည်း ပြောပြီးပါပြီ။ အခုလည်း စက်ခုလုတ်မဲဟာ သံသယရှိတဲ့အတွက် အစောတုန်းက အမှတ်စဉ် ၂ ကို စက်ခလုတ်နဲ့မဲခွဲတာကို ပြန်ပြီးစဉ်းစားပြီးတော့ မတ်တတ်ရပ်ပြီးတော့ အခုလိုပဲ အတိအလင်းမဲခွဲပေးပါလို့ ဥက္ကဋ္ဌကြီးအား လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီယစ်မျိုးဥပဒေဟာ **Excise Act** ယစ်မျိုးနဲ့ပတ်သက်ပြီးတင်တာပါ။ တင်လာတဲ့အချိန်မှာ ပြစ်မှုနှင့် ပြစ်ဒဏ်မှာ ပုဒ်မဟာ ၃၀ နှင့် ၅၀ အထိရှိပါတယ်။ ဒါပေမယ့်လို့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်လာတဲ့အချိန်မှာ ၃၀ နဲ့ ၃၁ ကိုပဲတင်လာပါတယ်။ ဆိုတော့ ကျွန်တော်တို့ အဲဒီမှာ ကော်မရှင်ရယ်၊ ရှေ့နေချုပ်ရုံးရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းတဲ့အချိန်မှာ ဒီဟာသည်အစောတုန်းက ပြစ်မှုပြစ်ဒဏ်တွေကို ဖော်ပြထားတဲ့ ဒေါ်နန်းဝါနုတင်ပြသွားသလို မူးယစ်ဆေးဝါးသည် မူးယစ်ဆေးဝါးဥပဒေနှင့် သက်ဆိုင်တဲ့ဟာတွေလည်း ဖယ်ထုတ်ထားပါတယ်။ ဒါကျွန်တော်တို့မှာ ဥပဒေရှိ

မူကြမ်း

ပြီးသား။ ထိုနည်းတူပဲ ဆေးဝါးနဲ့ပတ်သက်တာဆိုလို့ရှိရင်တော့ သက်ဆိုင်ရာဥပဒေနှင့် အရေးယူဆောင်ရွက်ဖို့ဆိုပြီး ကျွန်တော်တို့ဖယ်ထုတ်ထားပြီးမှ သက်ဆိုင်ရာဝန်ကြီးဌာနကို ပြစ်မှုနှင့် ပြစ်ဒဏ်ညီမျှစေဖို့ရယ်။ နောက်တစ်ခု နောင်ကျဉ်ဟန့်တားတဲ့ ပြစ်ဒဏ်တစ်ခုတည်းကိုပဲ စဉ်းစားပြီးလုပ်မယ်ဆိုလို့ရှိရင် လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ ဘယ်လိုမှဖြစ်လာမှာမဟုတ်ပါဘူး။ အဲဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အဆိုပြုတင်ပြချက်၊ ထပ်မံပြီးအဆိုပြုတင်ပြချက်ပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ ဒီလိုပြင်ဆင်ချက်တင်ပြခြင်းဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ စဉ်းစားဖို့လိုအပ်တာကတော့ ခုနဦးသိန်းညွန့်တင်ပြတာနဲ့ ပတ်သက်လို့ ပြန်မစဉ်းစားတော့ပါဘူး။ အခုကျွန်တော်တို့လည်း အခုတစ်ခါ ဆုံးဖြတ်ချက်ချတယ်။ မတ်တပ်ရပ်တယ်။ ထိုင်တဲ့နည်းလမ်း။ ဒါလည်း ဆုံးဖြတ်ချက်ချပြီးသွားပြီ။ နောင်ကျလို့ရှိရင်တော့ အခုလို ဒါလည်းအရေးကြီးတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ အဲဒီချိန်မှာ ခုနက ဥပဒေကြမ်းကော်မတီက ရှင်းလင်းတာ မပြည့်စုံဘူး သို့မဟုတ် ခုနကကျန်တဲ့အဖွဲ့တွေက ရှင်းလင်းတာမပြည့်စုံဘူးဆိုရင် ရှင်းလင်းအောင်ပြောကြားဖို့ လိုမယ်လို့ထင်ပါတယ်။ ခုနက ပြန်ပြီးတော့အမှတ်ရမယ်ဆိုလို့ရှိရင် ဥပဒေကြမ်းကော်မတီက တချို့ကိစ္စအခုလို ဆွေးနွေးပါတယ်။ ဆုံးဖြတ်ပြီးတဲ့အခါမှာ ဒေါ်နန်းဝါနုက ခုနကကဲ့သို့ ဆွေးနွေးပါတယ်။ တစ်ခါ ဦးသိန်းညွန့်ကလည်း ကြားလိုက်တာနဲ့ ဆွေးနွေးပါတယ်။ ဒီနေရာမှာ ဦးသိန်းညွန့်ဆွေးနွေးတာက ဘာလဲဆိုရင် မူးယစ်နဲ့ ယစ်မျိုးဟာ အမွှာဖြစ်တယ်။ ဒါကြောင့် မို့လို့ ဒီဟာကိုသာ ခွင့်ပြုပေးမယ်ဆိုလိုရှိရင် မြန်မာနိုင်ငံမှာ ဒီအရက်ပုန်းကြောင့်သေတဲ့လူတွေ အများကြီးဖြစ်လာပါမယ်။ ဒီလိုလည်း ပါသွားပါတယ်။ ဒီနေရာမှာ ခွဲခြားသိရမှာကတော့ ယစ်မျိုးဟာ ယစ်မျိုး။ မူးယစ်က မူးယစ်ပဲဖြစ်ရပါမယ်။ တစ်ချက်က အခုလိုဆွေးနွေးခြင်းနဲ့ ဆွေးနွေးတဲ့နေရာမှာ တိုင်းရင်းသားများ ဆွေးနွေးတာရှိပါတယ်။ ဒေါ်နန်းဝါနုသည် တိုင်းရင်းသားဖြစ်သလို ဦးတီခွန်မြတ်သည်လည်း တိုင်းရင်းသား ဖြစ်ပါတယ်။

ဒီနေ့ခုနက ယစ်မျိုးဆိုတဲ့နေရာမှာ ခုနကအရက်ဆိုတဲ့နေရာမှာ ခေါင်ရည်တို့၊ သို့မဟုတ်လို့ရှိရင် ခုနကအခြားပေ့လေ ကိစ္စမျိုးတွေများ ပြည်နယ်တွေ၊ အခြားဒေသတွေမှာရှိတဲ့ဆိုရင် ခုနပြောသလို ဒီဥပဒေအရ အရေးယူလိုက်တဲ့အခါမှာ နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် ပြဿနာတွေဘယ်လောက်ရှိလဲဆိုတာလည်း ပြန်စဉ်းစားရမယ့်သဘောရှိပါတယ်။ ဒါ့အပြင် ခုနက တင်ပြချက်အရ ပြစ်ဒဏ်နှင့် ပြစ်မှု ကိုက်ညီအောင်ပေးဖို့ ရည်ရွယ်ချက်မြောက်အောင်ပေးဖို့ဆိုတဲ့နေရာမှာ သက်ဆိုင်

ရာဝန်ကြီးဌာနက ပြန်ပြီးအဆိုပြုတင်ပြလာတဲ့ကိစ္စကို မှန်တယ်ဆိုရင် ဘာဖြစ်လို့ဝန်ကြီးဌာနက မိမိတို့အဆိုပြုတင်ပြလာတဲ့ကိစ္စကို ဘာကြောင့်သဘောမတူဘူးလို့ ပြောရတာလဲ။ သက်ဆိုင်ရာဝန်ကြီး ဌာန ဖြေပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံယစ်မျိုးဥပဒေကို ပြင်ဆင်ဖို့တင်ပြတဲ့ ဥပဒေကြမ်းမှာတော့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ဒီယစ်မျိုးသက်ဝင်ပစ္စည်းတွေ ထုတ်လုပ်တာ တွေ၊ ဖြန့်ဖြူးတာတွေ၊ ရောင်းချတာတွေ၊ သယ်ယူတာတွေ ဆောင်ရွက်တဲ့အခါမှာ စည်းကမ်းတကျ ဖြစ်စေဖို့၊ စနစ်တကျကြပ်မတ်နိုင်ဖို့၊ တရားမဝင်ယစ်မျိုးထုတ်လုပ်ရောင်းချနိုင်မှုကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက်ကို ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက်လည်း ယစ်မျိုးဥပဒေပါသတ်မှတ်ချက်များနဲ့အညီလည်း သတ်မှတ် ကောက်ခံပြီးတော့ နိုင်ငံတော်အခွန်ဘဏ္ဍာငွေရရှိအောင်လည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဥပဒေမှာ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြဆွေးနွေးသလိုပဲ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတဲ့ဆေးဝါးများဥပဒေအရ အရေးယူလာတဲ့ယခင်ဥပဒေမှာပါတဲ့အတွက် ဒါတွေလည်း ဥပဒေပုဒ်မတွေကို ပြန်လည်ပယ်ဖျက်လိုကြောင်းလည်း တင်ပြဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ အခု အပိုဒ် ၅ နဲ့ ၆ ပါ ဥပဒေပြဋ္ဌာန်းချက်များအား တကယ်ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ဖြစ်အောင်ရယ်။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်ဆွေးနွေးသလိုပဲ ကျွန်တော်တို့နိုင်ငံမှာ တရားမဝင်ယစ်မျိုး ရောင်းချမှုကြောင့် တိုင်းရင်းသားပြည်သူများ ထိခိုက်မှုမရှိစေရန်အတွက်လည်း ရည်ရွယ်ပြီးတော့ ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ဖြစ်အောင်လည်း ရည်ရွယ်ပါတယ်။ တစ်ဖက်ကလည်း တရားဝင်ပေး ဆောင်ရတဲ့ အခွန်နှုန်းထားဟာလည်း ပြည်သူတွေ အသက်အန္တရာယ်မဖြစ်အောင်အတွက်ကိုလည်း ရည်ရွယ်ပြီးတော့ အခွန်ပေးဆောင်ဖို့ကိုလည်း တိုးမြှင့်ကောက်ခံထားတဲ့အတွက် ဒါကို ထိရောက် ဟန့်တားတဲ့ ပြစ်ဒဏ်ဖြစ်အောင် တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။ မေးတဲ့မေးခွန်းနဲ့ ဖြေတဲ့ဟာ မကိုက်ညီပါဘူး။ ဒါကြောင့်မို့လို့ ရပါပြီ။ ဒါကြောင့် ဒီဆွေးနွေးမှုကို ဒီမှာရပ်ဆိုင်းပါမယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်း ကော်မတီမှာ အခြားကော်မတီတွေနဲ့ ဆက်စပ်ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းကော်မတီရဲ့မှတ်တမ်းကို လွှတ်တော်ဥက္ကဋ္ဌဆီ ပြန်တင်ပြပါ။ အဲဒီမှာခုနပြောသလို သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်အဆိုပြု

တယ်ဆိုတဲ့ဟာကို ရှိတယ်လို့ဆိုရင် အဲဒါကိုခုနက အထောက်အထားနဲ့တင်ပြဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဆွေးနွေးဆုံးဖြတ်ထားတာတွေကို ဆိုင်းငံ့မယ်။ ဥပဒေကြမ်းကော်မတီက တင်ပြလာတဲ့ အထောက်အထားအချက်အလက်တွေပေါ် မူတည်ပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၇) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၆)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ပြီးမြောက်ပါသည်။